ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလမုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၃၀ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၀၁)

ပင်းချားတံတားနှင့်မန္တလေး-မိတ္ထီလာခြောက်လမ်းသွားတိုးချဲ့မှု ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် လှည့်လည်ကြည့်ရှုစစ်ဆေး လုပ်ငန်းများအမြန်ပြီးစီးရေး ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဇူလိုင် ၂၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့်ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇူလိုင် ၂၇ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်းဖြင့် ထွက်ခွာခဲ့ကြပြီး နံနက် ၇နာရီခွဲတွင် မန္တလေးမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် နေဝင်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

အမြန်ပြီးစီးရေးမှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ်ရှိ ဇော်ဂျီမြစ်ကူး ပင်းချားတံတားသို့ ရောက်ရှိကြရာ ကျောက်ဆည်ခရိုင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ အင်ဂျင်နီယာ ဦးစိုးဝင်းက ကမ်းကပ်တိုင် A_1၊ A_2နှင့် ရေလယ်တိုင် P_1နှင့် P_2 တို့အား ပိုင်တိုင်ခြောက်လုံး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင် ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့အား မန္တလေး-မိတ္ထီလာလမ်းပိုင်း မိုင်တိုင် ၃၃၈ မိုင်မှ ၄၄၂ မိုင် ငါးဖာလုံအထိ ခြောက်လမ်းသွား လမ်းဖောက်လုပ်ရေး တာဝန်ယူတည်ဆောက်နေသည့် ဟုန်ပန်းဆောက်လုပ်ရေး ကုမ္ပဏီမှ စီမံကိန်းတာဝန်ခံ ဦးကြည်စိုးက အဆိုပါ ဟန်မြင့်မိုရ်ရွာအနီး မြေနှင့်ကျောက်ရောနှော၍ ခြောက်လမ်းသွား လမ်းထု၏ အခြေခံလွှာခင်းကျင်းပြီးစီးမှုနှင့် ဆက်လက်၍ လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းအမြန်ပြီးစီးရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ *

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်ရိုကိုနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၃၀

၂၀၀၄ခုနှစ် ဇူလိုင် ၃၀ ရက်၌ ကျရောက်သော မော်ရိုကိုနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်ရိုကိုနိုင်ငံအကြီးအကဲ ဆဋ္ဌမမြောက် မိုဟာမက် ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နေရာဒေသအချို့တွင် မကြာသေးမီက ရေကြီးမှုကြောင့် လူနှင့် အသက်အိုးအိမ်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နေရာဒေသအချို့တွင် မကြာသေးမီက ရေကြီးမှုကြောင့် လူနှင့်အသက်အိုးအိမ် ပျက်စီး ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ကျန်းချင်းဟုန်ထံသို့ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တည်ဆောက်ဆဲ ကျောက်တံခါး ရေလှောင်တမံ

မကွေးတိုင်း နတ်မောက်မြို့နယ် ကျောက်တံခါးရွာအနီး ကျောက်တံခါးချောင်းပေါ်တွင် တည်ဆောက်ထားသော ကျောက်တံခါးရေလှောင်တမံသည် မြေသားတမံဖြစ်ပြီး တမံအမြင့် ပေ ၈၀၊ အလျား ၇၆၆၇ ပေ၊ တမံရေပြည့် ရေလှောင်ပမာဏ ဧကပေ ၄၁၀၀၀၊ ရေဆင်းဧရိယာ ၉၈စတုရန်းမိုင်ဖြစ်သည်။ ကျောက်တံခါး ရေလှောင်တမံကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူတည်ဆောက်လျက်ရှိသည်။ **(အောက်ပုံ)**

ကျောက်တံခါးရေလှောင်တမံပြီးစီးပါက တောင်ရေ ရေလှောင်တမံသို့ ရေထပ်မံထည့်သွင်းသိုလှောင်ပြီး ကြက်မောက်တောင်ရေလှောင်တမံကို ရေပိုမိုဖြည့်ပေးနိုင်မည် ဖြစ်ပေသည်။ **သတင်းမှတ်စုနှင့်ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

အမျိုးသားညီလာခံ အောင်မြင်ပြီးမြောက်ရေး တရားစီရင်ရေး ပင်မတာဝန်နှင့် ယှဉ်တွဲထမ်းရွက်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် အနာဂတ်နိုင်ငံတော်သစ်နှင့် ဆီလျော်ညီညွတ်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ ပေါ်ထွန်းလာစေရန် ဘက်စုံထောင့်စုံက စနစ်တကျ ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိသည်။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးတွင် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ ပြည့်ပြည့်ဝဝဖြစ်ထွန်းနေစေရေး၊ တိုင်းရင်းသားပြည်သူများအားလုံးက တရားဥပဒေကို လေးစားလိုက်နာပြီး ပြည်သူများအချင်းချင်း တရားဥပဒေနှင့်အညီ အပြန်အလှန်ကျင့်ကြံနေထိုင်တတ်ရေးနှင့် တရားဥပဒေ၏ အကာအကွယ်အောက်တွင် မိမိတို့၏ဘဝ လုံခြုံချမ်းမြေ့မှုကို အပြည့်အဝ တည်ဆောက်သွားနိုင်ကြရေးတို့သည် အလိုအပ်ဆုံး အခြေခံအကြောင်းတရားများပင် ဖြစ်သည်။

ထို့ကြောင့် ဤအခြေခံအကြောင်းတရားများနှင့် ပြည့်စုံလာစေရန် နိုင်ငံတော်အစိုးရအနေဖြင့် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတော်တစ်ဝန်းလုံး တရားဥပဒေစိုးမိုးမှုနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့်အပြင် ဒီမိုကရေစီကျင့်စဉ်နှင့်ညီညွတ်သော တရားစီရင်ရေး စနစ်တစ်ရပ်လည်း ခိုင်ခိုင်မာမာထူထောင်ထားနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင်လ ၂၈ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် တရားသူကြီးများ၊ ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် ဥပဒေအရာရှိများအား တွေ့ဆုံပြီး တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာ၌-

"နိုင်ငံတော်အစိုးရ အနေဖြင့် တရားဥပဒေစိုးမိုးပြီး ပြည်သူအများ တရားဥပဒေဘောင်အတွင်း စိတ်အေးချမ်းမြေ့ ပျော်ရွှင်လွတ်လပ်စွာ နေထိုင်နိုင်စေရေးကို ရေရှည်အာမခံနိုင်မည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေး အတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး အပိုင်းတစ်ပိုင်းကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီ ဖြစ်ကြောင်း"

ပြောကြားသည်။

တရားစီရင်ရေးစနစ်သည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းနေမှု အခြေအနေများ၊ အနာဂတ် အလားအလာများ၊ နိုင်ငံတော်၏ အမျိုးသားရေးမျှော်မှန်းချက်များနှင့်အညီ ပြည်သူအများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသားရေးမူဝါဒနှင့် ဆီလျော်ညီညွတ်စွာ တိုးတက်ဖြစ်ထွန်းနေစေရန် တရားစီရင်ရေးကဏ္ဍမှ တာဝန်ရှိသူအသီးသီးက အမျိုးသားရေးသတိဖြင့် ကာကွယ်စောင့်ရှောက်ပေးကြရမည် ဖြစ်သည်။

အမျိုးသားညီလာခံကြီးတွင် တရားသူကြီးများ၊ ဥပဒေအရာရှိများအပါအဝင် လူထုလူတန်းစား အလွှာများ၊ တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ စုံစုံညီညီတက်ရောက်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအတွက် အခြေခံရမည့်အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့် မူများကို ဆွေးနွေးညှိနှိုင်း ချမှတ်လျက်ရှိရာတွင် တရားစီရင်ရေးကဏ္ဍနှင့်ပတ်သက်ပြီးလည်း တစ်ပိုင်း တစ်ကဏ္ဍ ထည့်သွင်းဆုံးဖြတ် ချမှတ်လျက်ရှိသည်။

သို့ဖြစ်ရာ တရားသူကြီးများ၊ ဥပဒေအရာရှိများအပါအဝင် တရားစီရင်ရေးကဏ္ဍမှ တာဝန်ရှိသူ အားလုံးက တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာမြဲမြံရေး ပင်မတာဝန်များ နှင့်ယှဉ်တွဲပြီး အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်ရေးဟူသည့် အမျိုးသားရေးတာဝန်ကို မိမိတို့ကျရာအခန်းကဏ္ဍက တာဝန်ကျေပွန်စွာ ပါဝင်ထမ်းရွက်သွားကြရန် တိုက်တွန်း ရေးသား လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇူလိုင်၂၃ ရက်မှ၂၈ ရက်အထိ မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်၊ စစ်ကိုင်းတိုင်း ပုလဲမြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်များသို့ သွားရောက်၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ပြန်ကြားရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာပြီး ပျဉ်းမနားမြို့တွင် ရောက်ရှိရပ်နားသည်။ ညပိုင်းတွင် ပျဉ်းမနားမြို့ရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)**တာဝန်ရှိသူများအား မိမိတို့ လွှင့်ထုတ်ပေးရမည့် အချိန်အတိုင်းအတာအတိုင်း အပြည့်အဝ လွှင့်ထုတ်ရန်၊ စက်ကြံ့ခိုင်ရေးကို နေ့စဉ်ပြုလုပ်ရန်၊ ရေရှည်ခံအောင် ထိန်းသိမ်းရန်၊ လုံခြုံရေးကို ဂရုစိုက်ရန်နှင့် မီးဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ လုပ်ဆောင်ထားရန်တို့ကို မှာကြားခဲ့သည်။

စေတနာထားဆောင်ရွက်

ထို့နောက် ပျဉ်းမနားမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ သွားရောက်၍ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်မှ တာဝန်ရှိသူများအား ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၄-၂၀၀၅ခု ရည်မှန်းချက် တာဝန်(၁၀)ရပ်တို့ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကျေးရွာတိုင်းတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်ရေး၊ ကျေးရွာတိုင်းသို့ သတင်းစာ၊ ဂျာနယ်များရောက်ရှိရေး၊ ရုပ်မြင်သံကြားဖမ်းစက်များ တပ်ဆင်ကြည့်ရှုနိုင်ရေးတို့ကို စေတနာထား အပင်ပန်းခံဆောင်ရွက်ကြရန်မှာကြားသည်။

ထို့အပြင် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့သည် မန္တလေးမြို့တွင် တည်ဆောက်လျက်ရှိသည့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ တည်ဆောက်ရေး စီမံကိန်းသို့ ဇူလိုင် ၂၈ ရက် ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးအား အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ စက်ရုံမှူး ဗိုလ်ကြီးတိုးကျော်က ဝန်ထမ်းဖွဲ့စည်းပုံ၊ ဝန်ထမ်းခန့်ထားမှုအခြေအနေ၊ လေ့ကျင့်သင်တန်းပေးနေမှုနှင့် စက်ရုံဝင်းအတွင်း အဖိုးတန် အရိပ်ရလေကာပင်များ၊ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရောမင်းသိန်းဆောက်လုပ်ရေးကုမ္ပဏီမှ ဦးသိန်းမြင့်နှင့် အင်ဂျင်နီယာများက တာဝန်ယူဆောက်လုပ်လျက်ရှိသည့် အဆောက်အအုံများ၏ ဒီဇိုင်း၊ စက်တပ်ဆင်မည့် ကျောက်နှင့်ကွန်ကရစ် ရောစပ်၍ အမာခံအုတ်ခုံ တည်ဆောက်ထားမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ဝန်ထမ်းများကို ပုံနှိပ်ပညာ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရေး၊ လျှပ်စစ်ဓာတ်အား ၂၄ နာရီပတ်လုံး ရရှိရေး၊ သဘာဝဘေးအန္တရာယ်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး၊ စက်ရုံအဝင်လမ်းနှင့် စက်ရုံဝင်းအတွင်း ပန်းအလှနှင့်အရိပ်ရ လေကာပင်များ စနစ်တကျစိုက်ပျိုးရေး၊ ပင်မ ပုံနှိပ်စက်ရုံအဆောက်အအုံကြမ်းခင်း၊အမိုး၊ ရက်မများ၊ ပုံနှိပ်စက် လည်ပတ်တုန်ခါမှုကိုခံနိုင်ရန် အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်ကြရေး အသေးစိတ်ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြန်ကြားရေးဝန်ကြီးနှင့် အဖွဲ့သည် ပင်မ ပုံနှိပ်စက်ရုံ၊ ကုန်ချောစက်ရုံ၊ စာအုပ်ချုပ်စက်ခန်း၊ စာအုပ်သိုလှောင်ရုံ၊ စီမံရုံးခန်း၊ ဖလင်၊ ပလိပ်၊ ကွန်ပျူတာရုံးခန်းများနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက် ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံတွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအား ပုံနှိပ်စက်ရုံတွင် တာဝန်ထမ်းဆောင်ရာ၌ ကြိုးစားမှုရှိပြီး လုပ်ငန်းတွင်စေတနာအပြည့်ဖြင့် အလုပ်လုပ်ရန်၊ ပုံနှိပ်ပညာကျွမ်းကျင်အောင် သင်ယူကြရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဇူလိုင် ၂၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဦးမင်းလှအောင်	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန
(ခ) ဦးဗိုလ်ကြည်	ညွှန်ကြားရေးမှူးချုပ် တရားရုံးချုပ်(မန္တလေး)

Air Myanmar ဖက်စပ်လေကြောင်းလိုင်းစာချုပ်ချုပ်ဆို လေကြောင်းလိုင်းဖွင့်လှစ်ပြီးက ပြည်ပခရီးစဉ်များပျံသန်းပြေးဆွဲမည်

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ Air Myanmar ဖက်စပ်လေကြောင်းလိုင်း သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။
(ပို့ဆောင်ရေး)

ရန်ကုန် ဇူလိုင် ၂၉

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းနှင့် Dawn Light Ltd, Cathay Aviation Ltd.နှင့် Fast Growth Association တို့ Air Myanmar ဖက်စပ်လေကြောင်းလိုင်းသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီခွဲ တွင် ဆီဒိုးနားဟိုတယ် Grand Ball Room ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စီးပွားရေးသံမှူးများ၊ ပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ့လေကြောင်းနှင့် ဖက်စပ်လေကြောင်းလိုင်းတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Dawn Light Co., Ltd. မှ ဥက္ကဋ္ဌ ဦးရဲမြင့်ထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လှိုင်မိုးနှင့် Dawn Light Co., Ltd. မှမန်နေဂျင်း ဒါရိုက်တာ ဦးရဲမြင့်ထွန်း၊ Cathay Aviation Limited မှမန်နေဂျင်း ဒါရိုက်တာ Cap. Dave Rowe နှင့် Fast Growth Associates Limited မှ Executive Director Mr.Anthory Cho တို့က Air Myanmar ဖက်စပ်လေကြောင်းလိုင်း သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးကြပြီး စာချုပ်များ အပြန်အလှန်လဲလှယ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လေကြောင်းလိုင်းဖွင့်လှစ်ပြီးပါက ပြည်ပခရီးစဉ်များကို ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

ဖြူစင်စိတ်ထား ပြည်သူများအတွက်

* တရားဥပဒေ၊ စိုးမိုးလေမှ
ပြည်(ပြေ)ရွာအဝှမ်း၊ လွန်အေးချမ်းအံ့
ရွှင်လန်းကြည်ဖြူ မျှားပြည်သူတို့
မပူဘဝ၊ လုံခြုံကြဖို့
မျှတ တရား၊ ဥပဒေများနှင့်
ဘေးတားရန်ကာ၊ စောင့်ရှောက်ပါရန်
ဝန်တာရှိထား၊ ဝန်ထမ်းများက
တရားရေးမဏ္ဍိုင်၊ တည့်မတ်ခိုင်အောင်
မယိုင်သတိ၊ အမြဲရှိသင့်။

* ကျင့်ဝတ်သိက္ခာ၊ ပြည့်ဝစွာဖြင့်
ဝဲယာမစောင်း၊ ကိုယ်ကျင့်ကောင်းပြီး
ထပ်လောင်းရှောင်ရှား၊ အဂတိများတည့်
တရားမျှတ၊ မှန်ကန်ကြဖို့
ဒေသဆိုင်ရာ၊ ဌာနတကာတို့
ဝိုင်းကာပူးပေါင်း၊ တရားကြောင်းကို
မစောင်းမယွင်း၊ တည့်မတ်ခြင်းတွက်
ရိုင်းပင်းညီညာ၊ ပူးပေါင်းပါလော့။

* မမှား"ရှေ့နေ"၊ မသေ "ဆေးသမား"
မရှိငြားဟု၊ စကားပုံထွေ
ရှိခဲ့လေလဲ၊ ရှေ့နေလွဲငြား
တစ်ချက်မှားကြောင့်၊ ခံစားသူငါ
ဘဝနာမို့၊ တစ်ခါမျှလင့်
မမှားသင့်ဟု၊ စွဲထင့်စိတ်ထား
ချင့်ချိန်ငြားလော့၊ တရားနတ်စောင့်
မှားမထောင့်အောင်၊ အမှောင့်ပယောဂ
ပယ်လောဘနှင့်၊ ဒေါသ၊ မောဟ
ဘယာ"ပ"ကာ၊ စီရင်ပါမှ
သူငါပြည်သူ၊ စိတ်မပူဘဲ
ကြည်ဖြူမျှတ၊ ချမ်းသာကြလိမ့်။

* မှန်ကန်မြန်ဆန်၊ စီရင်ဟန်ဖြင့်
ပြစ်ဒဏ်ပြစ်မှု၊ မျှတပြု၍
ထောက်ရှုချိန်ဆ၊ ဆုံးဖြတ်ကြလော့
မှားစွဆုံးဖြတ်၊ ဓမ္မသတ်ကြောင့်
လားအပ်ဆုံးစွန်၊ တမလွန်တွင်
နစ်နွံဝင်ကြွေး၊ ဆပ်ရရေးကို
အလေးတမူ၊ သတိကူ၍
အယူမလွှဲ၊ အမှတ်မြဲလော့။

* ပြည်သူ့ဝန်ထမ်း၊ ဘဝလမ်းတွင်
လျှောက်လှမ်းခဲ့ငြား၊ ပြည်သူ့သားတို့
တရားဥပဒေ၊ အထွေထွေကို
ရေရှည်ကြံ့ခိုင်၊ မယိမ်းယိုင်ရန်
နိုင်ငံသားကောင်း၊ ပီသကြောင်းတွက်
ကောင်းသောအကျင့်၊ သီလမြှင့်လျက်
ရှိသင့်သိက္ခာ၊ ဖြောင့်မှန်ကာဖြင့်
ဖြူစွာစိတ်ထား၊ ပြည်သူများတွက်
တရားရေးမဏ္ဍိုင်၊ တည့်မတ်ခိုင်အောင်
စွမ်းဆောင်ကြိုးပမ်းကြပါစို့။ ။

ရန်နိုင်ဦး

မှတ်သားဖွယ်ရာမိုးရေချိန်

၂၈-၇-၂၀၀၄

ပူတာအိုမြို့	၆ ဒသမ ၃၈ လက်မ
ကလေးဝမြို့	၄ ဒသမ ၁၇ လက်မ
စစ်တွေမြို့	၃ ဒသမ ၃၁ လက်မ
ဟသ်ာတမြို့	၂ ဒသမ ၇၆ လက်မ

စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်

ရန်ကုန် ဇူလိုင် ၂၉

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်တွင် အများအားဖြင့် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေကြောင်း သိရသည်။

ဇူလိုင် ၃၀ ရက် ညနေအထိခန့်မှန်းချက်အရ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

မြန်မာ တရုတ် ဤသရုပ်ဖြင့်

❀ မေတ္တာကို မေတ္တာချင်း
တုံ့လှယ်ခြင်း ပြုတဲ့အခါ
ချစ်ကြင်နာ ညီကိုအရင်း
စိတ်တွင်း၌ ဖြစ်ပေါ်လာ။

❀ ညီကိုအရင်း
စိတ်တွင်း ခံယူလာတော့
စေတနာ ပြန်လှန် ရောက်ပါလို့
နှစ်ယောက်တွဲ မြဲအတူ
ဖေးကူလို့ လျှောက်လှမ်း၊
ဦးတည်ရာ သာစခန်းကိုလ
နောင်ရောက်လျှင် ညီမကွာပ
ညီရောက်လျှင် နောင်ပါဖို့
တူယှဉ်ကာ ပြိုင်တူလျှောက်
ရောက်ဖို့ ရည်မှန်း။ ။

ဖိုး ဂ

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မိုးရေချိန်

၂၉-၇-၂၀၀၄

မင်္ဂလာဒုံ	၀ ဒသမ ၉၀ လက်မ
ကမ္ဘာအေး	၂ ဒသမ ၀၄ လက်မ
ရန်ကုန်မြို့လယ်	၁ ဒသမ ၈၁ လက်မ

ဇူလိုင် ၁၈ ရက်က ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အမှတ်(၁၃၃) ရပ်ကွက်ရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား မြို့နယ်ဦးစီးဌာနမှူး ဦးခင်ဦးက နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။

(က-ပ)

ရွှေပြည်ဟိန်းဆရာတော်တရားဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၉

စစ်ကိုင်းတောင်ရိုး ရွှေကျောင်းနှင့် ရန်ကုန်မြို့ ရန်ကင်း ရွှေပြည်ဟိန်းကျောင်း ပဓာနနာယကဆရာတော် ပိဋက တစ်ပုံခွဲဆောင် (သီတဂူကြာတစ်ပွင့်)အရှင်ခေမာသိရီလင်္ကာရသည် ဒုတိယ ဝါဆိုလပြည့်ညတွင် မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်း ဝါတွင်း ဓမ္မသဘင်၌ လည်းကောင်း၊ ဒုတိယ ဝါဆိုလပြည့်ကျော် (၂၊၃)ရက်ညများတွင် ချောက်မြို့ မလွန်ဆန်လှူ ဓမ္မသဘင်၌လည်းကောင်း၊ ၆ရက်ညတွင် မန္တလေးမြို့ မဟာဝေယံဘုံသာကျောင်း စာအောင်ဆုနှင်းသဘင်၌ လည်းကောင်း၊ ၈ရက် နံနက် ၉ နာရီတွင် တောင်ဥက္ကလာပ(၁၁)ရပ်ကွက် ဓမ္မာရုံ၌လည်းကောင်း၊ မွန်းလွဲ ၁နာရီတွင် ရန်ကင်း မိုးကောင်းဘုရား အရိယာဓမ္မာရုံ၌ လည်းကောင်း၊ ည ၇ နာရီတွင် တောင်ဥက္ကလာပ (၁၁) ရပ်ကွက် ဓမ္မာရုံ၌ လည်းကောင်း တရားတော်များဟောကြားချီးမြှင့်တော်မူမည်ဟုသိရသည်။

(က-ပ)

ဘာကူဘာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် လုံခြုံရေး စောင့်ကြပ်နေသော အီရတ်ပြောက်ကျားများကို ဇူလိုင် ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရှိ နိုင်ငံခြားကုမ္ပဏီများနှင့် နိုင်ငံခြားသားများ ထွက်ခွာသွားကြရန် ဓားစာခံဖမ်းထားသူများက ဖိအားပေး

ဘဂ္ဂဒက် ဇူလိုင် ၂၇

အီရတ်နိုင်ငံတွင် မကြာသေးမီလများအတွင်း အနည်းဆုံးနိုင်ငံခြားသား ၁၆ဦးနှင့် အီရတ်လူမျိုးများ ပြန်ပေးဆွဲခြင်းခံခဲ့ရသည်။ ယင်းသည် အီရတ်နိုင်ငံ၌ လာရောက်နေထိုင် အလုပ်လုပ်ကိုင်နေသော ကုန်တင်ကားမောင်းသူများ၊ လုံခြုံရေးဝန်ထမ်းများနှင့် သံတမန်များပင် ဓားစာခံအဖြစ်ဖမ်းဆီးခြင်းခံနေရခြင်းကြောင့် အလုပ်လုပ်နေသူများအတွက် အိပ်မက်ဆိုးတစ်ခုသဖွယ်ဖြစ်နေသည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များနှင့် ဆက်စပ်သူများ၊ ပြန်လည်တည်ဆောက်မှုလုပ်ငန်းစဉ်၌ ပါဝင်သူများနှင့် အီရတ်အစိုးရအဖွဲ့သစ်၌ ပါဝင်သူတို့သည် ပစ်မှတ်များ ဖြစ်နေပုံရသည်။ ဓားစာခံ ဖမ်းဆီးသူများသည် ကုမ္ပဏီများနှင့် နိုင်ငံများကို အီရတ်မှထွက်ခွာရန် ဖိအားပေးလျက်ရှိသည်။ ဓားစာခံဖမ်းဆီးသူများ အောင်မြင်မှုအရဆုံးမှာ ဖိလစ်ပိုင်တပ်ဖွဲ့များ အချိန်စောပြီး ရုပ်သိမ်းသွားခြင်းဖြစ်သည်။ ပြန်ပေးဆွဲပြီး ဓားစာခံအဖြစ် လုပ်ဆောင်နေခြင်းသည် နိုင်ငံခြားသားများအတွက်သာမက အီရတ်လူမျိုးများအတွက်ပါ ပြဿနာတစ်ရပ် ဖြစ်နေသည်။

ပြန်ပေးဆွဲ

ဘဂ္ဂဒက်မြို့ရှိ ရွှေပန်းထိမ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးအား လွန်ခဲ့သော သီတင်းပတ်တွင်းက ပြန်ပေးဆွဲသွားခဲ့ပြီး အမေရိကန်ဒေါ်လာ ၅၀၀၀၀ တောင်းရာ မရရှိခဲ့သည့်အတွက် သတ်ပစ်ခဲ့ကြောင်း သိရသည်။

ဓားစာခံများ ပြန်လည်လွတ်မြောက်လာရေးအတွက် ညှိနှိုင်းဆောင်ရွက်မှုများသည် ဘေးအန္တရာယ်အလွန်ကြီးကြောင်း သိရသည်။

(စီအင်န်အင်န်)

ဇူလိုင် ၂၇ ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၀၆ ဦးရှိပြီ

ဘဂ္ဂဒက် ဇူလိုင် ၂၉

အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ခုနှစ် မတ်လ ၂၀ရက်မှ စတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌သေဆုံး၊ ဒဏ်ရာရလျက်ရှိကြသည်။

၂၀၀၄ ခုနှစ် ဇူလိုင် ၂၇ ရက် အင်္ဂါနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၀၆ဦး ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။ ယင်းအနက် ၆၇၁ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး၊ ၂၃၅ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။

သေဆုံး

ထို့ပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၀ ဦး၊ အီတလီ ၁၈ ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားနှင့် ပိုလန်ခြောက်ဦးစီ၊ ယူကရိန်း လေးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လက်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီသေဆုံးခဲ့ကြသည်ဟု ဆိုသည်။

သမ္မတဘုရှ်က ၂၀၀၃ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၇၆၈ ဦးဖြစ်ပြီး၊ ယင်းအနက် ၅၆၂ ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၀၆ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

(အင်တာနက်)

ဘဂ္ဂဒက်မြို့တွင် အီရတ်ပြည်ထဲရေးဝန်ကြီးဌာန ထိပ်တန်းအရာရှိတစ်ဦး တိုက်ခိုက်ရေးသမားများ၏ ပစ်ခတ်ခံရပြီး သေဆုံးခဲ့သဖြင့် မိသားစုများ ငိုကြွေးနေသည်ကို ဇူလိုင် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပြည်ပ၌အလုပ်လုပ်သော ဖိလစ်ပိုင်လူမျိုးများအား ကာကွယ်သွားမည်

မနီလာ ဇူလိုင် ၂၇

ဖိလစ်ပိုင်အစိုးရသည် ပြည်သူများအရေးကို ပထမထားကြောင်း၊ ပြည်ပတွင် အလုပ်လုပ်ကိုင်လျက်ရှိသူ ဖိလစ်ပိုင်လူမျိုး ရှစ်သန်းအတွက် ကာကွယ်သွားရမည်ဖြစ်ကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ တစ်ခုတည်းမှာပင် အလုပ်လုပ်ကိုင်နေသူ ဖိလစ်ပိုင်လူမျိုး ၁ ဒသမ ၅ သန်းရှိနေကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး မကြာသေးမီက မနီလာ၌ စစ်တမ်းကောက်ယူချက်များအရ ဆန္ဒမဲ ၇၀ ရာခိုင်နှုန်းကျော်သည် ၎င်းဆုံးဖြတ်ချက်ကို ထောက်ခံကြောင်း သမ္မတက ပြောကြားခဲ့သည်။

ယခုလို ပြည်ပ၌အလုပ်လုပ်ကိုင်စဉ် ဖမ်းဆီးခြင်း ခံခဲ့ရသည့်အတွက်လည်း ပြည်တွင်း စီးပွားရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန်နှင့် အချက် ၁၀ ချက်ပါအစီအစဉ်တို့ကို ဆက်လက်ထုတ်ပြန်ပြောကြားခဲ့ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ဂျော်ဒန်ယာဉ်မောင်းနှစ်ဦး ခုခံရေးသမားတို့ဖမ်းဆီးထား တောင်းဆိုချက်မလိုက်လျော့လျှင် ၇၂နာရီအတွင်း သတ်ပစ်မည်ဟုခြိမ်းခြောက်

ဘဂ္ဂဒက် ဇူလိုင် ၂၇

အီရတ် ခုခံတိုက်ခိုက်ရေးပြောက်ကျားများသည် ဂျော်ဒန်ယာဉ်မောင်းနှစ်ဦးအား အီရတ်၌ ဖမ်းဆီးထားပြီး သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားကြောင်း အေပီသတင်းဌာနက တနင်္လာနေ့၌ လက်ခံရရှိသည့် ဗီဒီယိုတိပ်ခွေအရ သိရသည်။

အမေရိကန်စစ်ဘက်ဆိုင်ရာနှင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်နေမှုကို အကယ်၍ ဇာမီအယ်လ်အော်ဝစ်ဂျော်ဒန်ကုမ္ပဏီ မရပ်ဆိုင်လျှင် ၇၂ နာရီအတွင်း ထိုယာဉ်မောင်းနှစ်ဦးအား သတ်ပစ်မည်ဟု ပြောက်ကျားများက ဗီဒီယိုတိပ်ခွေထဲ၌ ခြိမ်းခြောက်ထားသည်။

အကယ်၍ ဂျော်ဒန်ကုမ္ပဏီသည် တောင်းဆိုချက်ကို မဖြည့်ဆည်းလျှင် ထိုယာဉ်မောင်းနှစ်ဦးအား ထိုက်တန်သည့် အပြစ်ပေးခြင်းနှင့် သတ်ဖြတ်ခြင်းအကျိုးဆက်ကို ဂျော်ဒန်ကုမ္ပဏီ ခံရလိမ့်မည်ဟု ယင်းအုပ်စုက ပြောကြားသည်။

ဗီဒီယိုတိပ်ခွေ၌ ဂျော်ဒန်နှစ်ဦးအား ကြမ်းပေါ်၌ ထိုင်လျက်ရှိပြီး မျက်နှာဖုံးစွပ်ထားသော လက်နက်ကိုင်ခြောက်ဦးက ၎င်းတို့နောက်၌ ရပ်လျက်ရှိသည်ကို တွေ့ရသည်။

ထိုယာဉ်မောင်းနှစ်ဦးမှာ ဖေယက်ဇ်ဆက်ဒ်အယ်လ်အွဒ်ဝမ်နှင့် အာမက်ဆာလာမာဟတ်ဆန် ဆိုသူတို့ဖြစ်ကြပြီး ၎င်းတို့က မိမိတို့အား ကောင်းမွန်စွာဆက်ဆံကြောင်း ပြောဆိုပြီး ဖမ်းထားသူများ၏ တောင်းဆိုချက်ကို ဖြည့်ဆည်းပေးရန် အသနားခံခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်ပြည်ထဲရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိ တစ်ဦးအား လက်နက်ကိုင် ခုခံတိုက်ခိုက်ရေးသမားများက လုပ်ကြံသတ်ဖြတ်

ဘဂ္ဂဒက် ဇူလိုင် ၂၇

ဘဂ္ဂဒက်တွင် အီရတ်ပြည်ထဲရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိတစ်ဦး တနင်္လာနေ့၌ လက်နက်ကိုင် ခုခံတိုက်ခိုက်ရေးပြောက်ကျားများ၏ လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရသည်ဟု ဝန်ကြီးဌာနသတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။

ဘဂ္ဂဒက်မြို့တွင်ရှိသော နေအိမ်မှအထွက်တွင် အဆိုပါအဆင့်မြင့်အရာရှိ မူဆက်အယ်လ်အဝါဒီသည် သူ၏ သက်တော်စောင့်နှစ်ဦးနှင့်အတူ လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရခြင်းဖြစ်သည်ဟု သတင်းရပ်ကွက်က ပြောကြားသည်။

သေဆုံး

ယခုလအစောပိုင်း၌ အီရတ် တရားရေးဝန်ကြီး၏ ယာဉ်တန်းအား အသေခံ ဗုံးခွဲတိုက်ခိုက်ခဲ့ရာ သက်တော်စောင့်ငါးဦး သေဆုံးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံသည် အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်မှုကို လေးစားကြောင်း ဒုတိယသမ္မတ ပြောကြား

ကူဝိတ်စီးတီး ဇူလိုင် ၂၈

အီရတ်နိုင်ငံသည် အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်မှုကို လေးစားကြောင်း၊ ကူဝိတ်နိုင်ငံ၌ အလည်ရောက်ရှိနေသည့် အီရတ်ဒုတိယသမ္မတ အီဘရာဟင် ဂျာဖာရီက အင်္ဂါနေ့၌ ကူဝိတ်စီးတီးတွင် ပြောကြားလိုက်ကြောင်း ကူဝိတ်သတင်းဌာနက သတင်းဖော်ပြသည်။

လူသားချင်း ရင်းနှီးနားလည်မှုအပေါ် အခြေခံထားသော ယဉ်ကျေးမှုဆက်ဆံရေးသည် အီရတ်နှင့်ကူဝိတ်ပြည်သူများအတွက် တန်ဖိုးကြီးမားကြောင်း သုံးရက်ကြာလည်ပတ်ရန် ကူဝိတ်ဆီးတီးသို့ ရောက်လာသော အယ်လ်ဂျာဖာရီက သတင်းထောက်များအား ပြောကြားသည်။

ကူဝိတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ကူဝိတ်နှင့်အီရတ်နိုင်ငံတို့ အချုပ်အခြာအာဏာပိုင်မှု၊ ၎င်းတို့နယ်စပ်များ လုံခြုံရေးနှင့်အရင်းအမြစ်များကို အသိအမှတ်ပြုမှုအပေါ် အခြေခံသည့် ယဉ်ကျေးမှုတစ်ရပ်ဖြစ်ကြောင်း ဒုတိယသမ္မတက ဆက်လက်ပြောကြားသည်။ အီရတ်ခေါင်းဆောင်များသည် ညီနောင်ရင်းချာနိုင်ငံများနှင့် သီးခြားမဖြစ်သော နိုင်ငံသစ်ကိုထူထောင်ရန် ကြိုးပမ်းနေကြောင်း ဂျာဖာရီက အတည်ပြုကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆာမာရာမြို့တောင်ဘက်ရှိ ရေနံပိုက်လိုင်းတစ်လိုင်း တိုက်ခိုက်ခံရ၍ မီးလောင်ပေါက်ကွဲ

ဘဂ္ဂဒက် ဇူလိုင် ၂၅

ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ ဆာမာရာမြို့၏တောင်ဘက်တွင် ရေနံပိုက်လိုင်းတစ်လိုင်း စနေနေ့၌ ပေါက်ကွဲမီးလောင်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဆာမာရာမြို့၏ အနောက်တောင်ဘက်တွင်ရှိသော အဆိုပါပိုက်လိုင်းသည် နံနက်အရုဏ်မတက်မီ၌ ပေါက်ကွဲမီးလောင်ခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

တိုက်ခိုက်

ခုခံတိုက်ခိုက်ရေး ပြောက်ကျားများသည် အီရတ်နိုင်ငံ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို နှောင့်ယှက်ဖျက်ဆီးရန်အတွက် ရေနံအခြေခံအဆောက်အအုံများအား မကြာခဏ တိုက်ခိုက်ခဲ့ကြသည်။ စနေနေ့က ဖောက်ခွဲဖျက်ဆီးခဲ့သော ရေနံပိုက်လိုင်းသည် ဘဂ္ဂဒက်မြောက်ဘက်ရှိ ဘေဂျီရေနံချက်စက်ရုံမှနေ၍ ရေနံများကို ဘဂ္ဂဒက်ရှိ အယ်လ်ဒေါ်ရာ ရေနံချက်စက်ရုံသို့ပေးပို့သော အထောက်အကူပြု ပိုက်လိုင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရေနံပိုက်လိုင်းမီးလောင်

ဆာမာရာမြို့အနီး ရေနံပိုက်လိုင်းတိုက်ခိုက်ခံရ၍ မီးလောင်နေသည်ကို ဇူလိုင်၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပြန်ပေးဆွဲခံရသော အီဂျစ်သံတမန် ပြန်လွတ်မြောက်လာ အီရတ်ဝန်ကြီးချုပ် အီဂျစ်လာရောက်မှုကို ကန့်ကွက်၍ ဖမ်းဆီးခံရခြင်းဖြစ်

ဘဂ္ဂဒက် ဇူလိုင် ၂၇

လွန်ခဲ့သည့် သီးတင်းပတ်တွင် အီရက်၌ပြန်ပေးဆွဲခြင်းခံခဲ့ရသော အီဂျစ်သံတမန်က မိမိကို ဖမ်းထားသူများကလွှတ်ပေးလိုက်ကြောင်းနှင့် ယခုအခါ ဘဂ္ဂဒက် အီဂျစ်သံရုံး၌ မိမိတို့လုံခြုံဘေးကင်းစွာရှိနေကြောင်း တနင်္လာနေ့၌ ပြောကြားလိုက်သည်။

တစ်စုံတစ်ရာ အပေးအယူမလုပ်ခဲ့ကြောင်း အီဂျစ်သံတမန်မိုဟာမက် မမ်ဒူကွတ်ဘ်ကရိုက်တာသို့ တယ်လီဖုန်းဖြင့် ပြောကြားသည်။

ကွတ်ဘ်သည် အီဂျစ်သံရုံး၌ တတိယအတွင်းဝန်ဖြစ်ပြီး အီရတ်ဝန်ကြီးချုပ် လွန်ခဲ့သည့်အပတ်၌ အီဂျစ်သို့လာရောက်လည်ပတ်သည်ကို အီဂျစ်က လက်ခံခြင်းအား မိမိကိုဖမ်းဆီးသူများက ကန့်ကွက်ကြောင်း ပြောကြားသည်။

မိမိအားဖမ်းဆီးခြင်းသည် အီရတ်ဝန်ကြီး အီဂျစ်သို့ လာရောက်လည်ပတ်ခြင်းကို အီဂျစ်ကလက်ခံသည့်အတွက် ၎င်းတို့ကန့်ကွက်ကြောင်း အီဂျစ်သို့ သတင်းပို့ရန်အတွက်သာ ဖြစ်သည်ဟု ကွတ်ဘ်ကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများသုံးသပ်ရန် နိုင်ငံလုံးဆိုင်ရာညီလာခံ အီရတ်၌ ကျင်းပမည်

ဘဂ္ဂဒက် ဇူလိုင် ၂၇

အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များသုံးသပ်ရန် ရည်ရွယ်ချက်ဖြင့် အီရတ်နိုင်ငံလုံးဆိုင်ရာ ညီလာခံကိုလာမည့်ကြာသပတေးနေ့၌ စတင်ပြီး သုံးရက်ကြာကျင်းပမည် ဖြစ်ကြောင်း အီရတ်အစိုးရထိပ်တန်းတာဝန်ရှိသူက ပြောကြားသည်။

အီရတ်နိုင်ငံတစ်ဝန်းမှ ဒေသတွင်း နိုင်ငံရေးခေါင်းဆောင်များအခြားအဖွဲ့အစည်း အသီးသီးမှ ခေါင်းဆောင်များ အပါအဝင် ကိုယ်စားလှယ်၁၀၀၀ ခန့်သည် ယင်းညီလာခံအတွက် ပြင်ဆင်မှုများပြုလုပ်နေကြပြီဖြစ်သည်။ကြားဖြတ်အစိုးရအဖွဲ့၏ လုပ်ငန်းရပ်များကို ကြီးကြပ်ကြည့်ရှုရန် ၎င်းညီလာခံမှ ကိုယ်စားလှယ် ၁၀၀ပါ အဖွဲ့ကို ရွေးချယ်မည်ဖြစ်ကြောင်းသိရသည်။ အီရတ်နိုင်ငံ၌ လတ်တလော ဖြစ်ပွားလျက်ရှိသော လုံခြုံရေးမတည်ငြိမ်မှုများနှင့်အီရတ်လက်နက်ကိုင်များအရေးကိုလည်း ၎င်းတာဝန်ရှိသူက ဝေဖန်ပြောကြားခဲ့ပြီး ယခုကျင်းပမည့် ညီလာခံသည် အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးအပါအဝင် အထွေထွေရွေးကောက်ပွဲကျင်းပရေးနှင့် အီရတ်နိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးတို့အတွက် အဓိကခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း အလေးအနက်ပြောကြားခဲ့သည်။ **(အင်အိပ်ချ်ကေ)**

အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ပြန်ရုပ်သိမ်းရေး တောင်းဆိုဆန္ဒပြနေသူတစ်ဦးကို အမေရိကန်နိုင်ငံ ဘော်စတွန်မြို့တွင် ဇူလိုင်၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်သို့ တောင်ကိုရီးယားတပ်ဖွဲ့များစေလွှတ်မည့်ကိစ္စ ပြည်သူထောင်ပေါင်းများစွာ ကန့်ကွက်ဆန္ဒပြ

ဆိုးလ် ဇူလိုင် ၂၅

တောင်ကိုရီးယားတပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံသို့ စေလွှတ်ရန်၊ တောင်ကိုရီးယားအစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိသော်လည်း တောင်ကိုရီးယားပြည်သူအများက ဆန့်ကျင်ကန့်ကွက်လျက်ရှိကြသည်။

ဖြစ်ပွား

ပြည်သူ ထောင်ပေါင်းများစွာတို့သည် သမ္မတအိမ်တော်ရှေ့၌ ယမန်နေ့က ချီတက်ဆန္ဒပြခဲ့ကြရာ ရဲတပ်ဖွဲ့ဝင်များနှင့် ပဋိပက္ခ ဖြစ်ပွားခဲ့ကြကြောင်း သိရှိရသည်။

စိုးရိမ်

တောင်ကိုရီးယား တပ်ဖွဲ့ဝင်များကို စစ်ဆင်ရေးများတွင် အသုံးပြုသွားမည်ကို မိမိတို့ စိုးရိမ်နေကြကြောင်း ကိုရီးယားပြည်သူများက ပြောကြားလျက်ရှိသည်။

ယခုတောင်ကိုရီးယား တပ်ဖွဲ့ဝင်များစေလွှတ်ခဲ့လျှင်တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်နှင့် ဗြိတိန်တို့ပြီးလျှင် အမေရိကန်တို့၏ အီရတ်၌ တတိယမြောက် တပ်ဖွဲ့ဝင်အများဆုံး အပေါင်းပါနိုင်ငံဖြစ်လာမည်ဖြစ်သည်။

(စီအင်န်အင်န်)

နိုင်ငံခြားသား ဓားစာခံခုနစ်ဦးအတွက် နောက်ဆုံးရက် ပြန်ပေးဆွဲထားသော အုပ်စုက ရက်တိုးမြှင့်သတ်မှတ်

ဘဂ္ဂဒက် ဇူလိုင် ၂၇

နိုင်ငံခြားသား ခုနစ်ဦးအား ဓားစာခံအဖြစ်ပြန်ပေးဆွဲထားသော လက်နက်ကိုင်တိုက်ခိုက်ရေးပြောက်ကျားအုပ်စုက ထိုနိုင်ငံခြားသားများ၏ အသက်ချမ်းသာပေးရေး စေ့စပ်ဆွေးနွေးရန် နောက်ဆုံးရက်ကို တိုးမြှင့်ပေးလိုက်ပြီး အလုပ်ရှင်ကူဝိတ်ကုမ္ပဏီ အီရတ်နိုင်ငံထဲမှ ထွက်သွားရန် ထပ်မံတောင်းဆို လိုက်သည်။

ဓားစာခံများအားလုံးသည် အဆိုပါကူဝိတ် ကုမ္ပဏီ၌ အလုပ်လုပ်နေကြသော ထရပ်ကားမောင်းသမားများ ဖြစ်ကြပြီး လွန်ခဲ့သည့်အပတ်၌ အဖမ်းခံခဲ့ကြရသည်။

ဆုံးဖြတ်

ဓားစာခံအရေးတွင် စေ့စပ်ဆွေးနွေးပေးသူဟု တနင်္ဂနွေနေ့က သူ့ကိုယ်သူ ကြေညာခဲ့သော ရှိခ်ဟီရှမ် အယ်လ်ဒူလာမီ၏ မေတ္တာရပ်ခံချက်ကို တုံ့ပြန်သောအားဖြင့်နောက်ဆုံးရက်ကို တိုးချဲ့ပေးရန် ဆုံးဖြတ်ခဲ့ကြောင်း ယင်းအုပ်စုက ပြောကြားသည်။

တစ်ချိန်တည်း၌ အီရတ်နိုင်ငံအား သိမ်းပိုက်သူများနှင့်ပူးပေါင်းလုပ်ဆောင်သည့် ကူဝိတ်ကုမ္ပဏီ အီရတ်မှ ရုပ်သိမ်းသွားရန်လည်းလိုအပ်သည်ဟု အဆိုပါ အုပ်စုက အတည်ပြု ပြောကြားသည်။ နောက်ဆုံးသတ်မှတ်သည့်ရက်အသစ်မည်သည့်အခါ ကုန်ဆုံးမည်ဆိုသည်မှာ မရှင်းဟုဆိုသည်။ ဖမ်းဆီးထားသူများအား လွှတ်ပေးမည်ဟူသော အာမခံချက် ရရှိထားကြောင်းကူဝိတ်ကုမ္ပဏီက တနင်္ဂနွေနေ့၌ ပြောကြားသည်။

အများစု

မကြာသေးသော လမ်းများအတွင်း၌ အီရတ်တွင် နိုင်ငံခြားသား ဓားစာခံများစွာကို ဖမ်းဆီးခဲ့ရာ အများစုမှာ အမေရိကန်တပ်ဖွဲ့များ သို့မဟုတ် အီရတ် ကုမ္ပဏီများသို့ ပစ္စည်းများပို့ပေးသော နိုင်ငံခြားကုမ္ပဏီများ၌ အလုပ်လုပ်ဆောင်နေကြသူများဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်အနီး၌ အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများ အီရတ်ရဲအဖွဲ့နှင့် အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်

ဘဂ္ဂဒက် ဇူလိုင် ၂၅

အီရတ်နိုင်ငံတွင် အချုပ်အခြာ အာဏာလွှဲပြောင်းခဲ့ချိန်မှစပြီး အီရတ်ရဲအဖွဲ့နှင့် အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်အနီး၌ အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများနှင့် တိုက်ပွဲအကြီးအကျယ်ဖြစ်ပွားခဲ့ရာ မသကာ်ဖွယ်ခုခံတိုက်ခိုက်ရေးပြောက်ကျား၁၃ ဦး သေဆုံးခဲ့ရသည်။

ရဲအဖွဲ့နှင့် အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များအားခုခံတိုက်ခိုက်ရေးပြောက်ကျားများက စိန်ပြောင်းများ၊ ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။

တနင်္ဂနွေနေ့၌ တိုက်ပွဲဖြစ်ပွားစဉ်အတွင်း အမေရိကန်စစ်လေယာဉ်များက ကောင်းကင်၌ ပျံဝဲခဲ့ကြပြီး အမေရိကန်အမြောက်ကြီးများကလည်း ခုခံတိုက်ခိုက်ရေးသမားတို့၏ စိန်ပြောင်းများရှိရာသို့ ပစ်ခတ်ခဲ့ကြသည်။

ဇွန် ၂၈ရက်၌ အချုပ်အခြာအာဏာလွှဲပြောင်းခဲ့ချိန်မှစပြီး အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးပြောက်ကျားတို့ဖြစ်ပွားခဲ့သော ယခုတိုက်ပွဲသည် အပြင်းအထန်ဆုံးဖြစ်ခဲ့သည်။

ဖြစ်ပွား

အီရတ်နိုင်ငံ၏ ဓားစာခံဖမ်းဆီးသည် ပြဿနာသည် ကူဝိတ်အခြေစိုက် ကုမ္ပဏီတစ်ခုမှ ပါကစ္စတန် အလုပ်သမားနှစ်ဦးအား ပြန်ပေးဆွဲခံရဖွယ်ရှိခဲ့ပြီးနောက် ပိုဆိုးလာခဲ့ချိန်တွင် ထိုသို့ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန် နိုင်ငံခြားရေးရုံးက ထိုနှစ်ဦးမှာ အင်ဂျင်နီယာတစ်ဦးနှင့် ယာဉ်မောင်းတစ်ဦးဖြစ်ပြီး အယ်လ်တာ မီမီအုပ်စု၌ အလုပ်လုပ်ကိုင်နေကြသူများဖြစ်ကြောင်းနှင့် ဘဂ္ဂဒက်သို့ ကားမောင်းသွားစဉ် သောကြာနေ့က ပျောက်ဆုံးသွားခဲ့ကြောင်း ပြောဆိုသည်။

(အင်တာနက်)

ဝန်ကြီးဗိုလ်ချုပ်ညွန့်တင် သကြားစက်ရုံမှူးများအားတွေ့ဆုံ ကြံကြိတ်ဝါးရာသီ ကုန်ထုတ်လုပ်မှုပြည့်မီရေးမှာကြား

ရန်ကုန် ဇူလိုင် ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင်၂၆ရက်တွင် ပဲခူးတိုင်းရေတာရှည်မြို့နယ် ကုန်းကြီးကျေးရွာအုပ်စုတွင်ရှိသော မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ရေကျောက်ခက်ဇီဝမြေဩဇာ မွေးမြူဖြန့်ဖြူးရေးစခန်းတွင် ရေကျောက်ခက်ဇီဝ မြေဩ ဇာ မွေးမြူပွားများမှု၊ စပါးမျိုးသန့် မွေးမြူပွားများမှု ဆောင်ရွက်ချက်များကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်းနှင့်တိုင်း၊ ခရိုင်၊မြို့နယ်မန်နေဂျာများက ပြသရှင်းလင်းသည်။

ထို့နောက် ဝန်ကြီးသည် အမှတ်(၅)သကြားစက် (မြို့လှ)သို့ ရောက်ရှိရာ စက်ရုံမှူးက၂၀၀၃-၂၀၀၄ ခုနှစ်ကြံစိုက်ပျိုးမှု၊ သကြားစက်ရုံပြင်ဆင်ဆဲကာလ၌ စက်စွမ်းအားတိုးမြှင့်ကြိတ်ဝါးနိုင်ရန် ပြုပြင်မွမ်းမံမှုများ၊ ဆောင်ရွက်ထားသောကြံဝယ်ယူရေး၊ကြိတ်ဝါးရေးအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးသည် အမှတ်(၅)သကြားစက်(မြို့လှ)စက်ရုံရှိ ကြိတ်လုံးများ၊ ချိန်းလိုင်းများ မွမ်းမံပြုပြင် မှုကိုလည်းကောင်း၊သကြားပေါင်းအိုးများပြင်ဆင်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အလေအလွင့်မရှိရေး

ထို့နောက် ဝန်ကြီးသည် ပဲခူးတိုင်းအတွင်းရှိသကြားစက်ရုံများမှ စက်ရုံမှူးများအားတွေ့ဆုံ၍ ကြံကြိတ်ဝါးရာသီ စက်ရုံ၏ကုန်ထုတ်လုပ်မှုသတ်မှတ်ချက်ပြည့်မီရေး၊ အလေအလွင့် နည်းပါးအောင် ဆောင်ရွက်ရေး၊ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည့် လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဝန်ကြီးသည် ပျဉ်းမနားမြို့အနီးရှိ ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိပြီး တမံ ထိပ်မှ အောက်ခြေပေါင်းလောင်းမြစ်ကြမ်းပြင်အထိ အဆင့်လေးဆင့်ပါရှိသည့် ရေပိုလွှဲမှ ရေပိုလွှဲအဆင့်(၂)(BYPASS TUNNEL STEP-2)မှ တည်ဆောက်ဆဲကာလ ပိုလျှံရေများလွှဲ ထုတ်မှုကို အဝေးမြင်ကွင်းကလည်းကောင်း၊ ရေထွက်ပေါက် ဥမင်ထိပ်ဝအနီးပိုင်းကလည်းကောင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောက်ဖြည့်အမျိုးအစားပင်မတမံလုပ်ငန်းတွင် RL ၂၀၃ မီတာအထိ ဆောင်ရွက်ရမည့် လုပ်ငန်း၌ RL ၁၈၇ မီတာ ရောက်ရှိသည်အထိ ဆောင်ရွက်ပြီးစီးမှု၊ ရေသိုလှောင်ထားမှု၊ သတ်မှတ်အမြင့်ပိုင်းသို့ရောက်ရှိရန် စက်ယန္တရားများဖြင့် ကျောက်ဖြည့်တမံဆက်လက်ဖို့မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကျောက်ဖြည့်တမံပေါ်သို့ ရောက်ရှိပြီး တမံအထက်ပိုင်းနှင့် အောက်ပိုင်း ကျောက်ကြီးဖုန်၊ ကျောက်သေးဖုန်ဖို့နေသည့်လုပ်ငန်း၊ တမံ(Core Zone) မြေဖို့လုပ်ငန်း၊ တမံ အထက်ပိုင်းလှိုင်းကာ၊ ကျောက်စီလုပ်ငန်းနှင့် သိုလှောင်ထားသည့် ရေပြင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

လုပ်ငန်းအဆင့်ဆင့်

ယင်းနောက် ဝန်ကြီးသည် ပျဉ်းမနားသကြားစက်ရုံအမှတ်(၂)မှ အင်ဂျင်နီယာများ တီထွင်ထုတ်လုပ်သည့် ရေမဲ့အီသနော ၉၉ ဒသမ ၅ ရာခိုင်နှုန်း (Ethyl Alcohol) ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးရာ စက်ရုံအင်ဂျင်နီယာများက သကြားစက်ရုံဘေးထွက်ပစ္စည်း တင်လဲရည်မှ ရေမဲ့အီသနော ထုတ်လုပ်၍ ဓာတ်ဆီနှင့်ရောစပ်ပြီး (Gasohol) ထုတ်လုပ်အသုံးချရေး တီထွင်ဆောင်ရွက်မှုလုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးက ကာဗွန်ဒိုင်အောက်ဆိုဒ်နည်းပါးသော Gasohol ကို ဓာတ်ဆီအစားထိုး လောင်စာအဖြစ် အသုံးချနိုင်ရေး ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရန် ဆောင်ရွက်ရေး၊ အင်ဂျင်အမျိုးအစားအမျိုးမျိုးနှင့် ဆက်လက်စမ်းသပ်ဆောင်ရွက်နိုင်ရေး မှာကြားကာ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်နှင့် လောင်စာအသုံးပြုစနစ်၊ ဘွိုင်လာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် သကြားစက်ရုံမှ ဘေးထွက်ပစ္စည်း ကြံမြုပ်ချေးအခြေခံ တီထွင်ထုတ်လုပ်သည့် ဘိုင်အိုကွန်ပို့ဇ် ကြံမြုပ်ချေးအခြေခံသဘာဝ မြေဩဇာထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့် သီးနှံအာဟာရဓာတ်များပါဝင်မှုတို့ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ကြံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်းတို့က ပြသရှင်းလင်းကြသည်။

ထိထိရောက်ရောက်

ဝန်ကြီးက ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ရေး၊ တောင်သူလယ်သမားများ ထိထိရောက်ရောက် အသုံးချနိုင်ရေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်း အမှတ် ၁၁၇နေ နှစ်ဖက်သောမိဘများအား အမှူးထားပြီး ဦးတင်ထွန်းမောင်-ဒေါ်ခင်ဖြူထွန်း၊ (သမီး)မအိသဉ္ဇာဦး၊ မစုလင်းလက်မိသားစုနှင့် ဦးတင်ထွန်း၊ ဒေါ်ခင်မြင့် သားသမီးမြေးတစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် တစ်သိန်းတစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်ရှိထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အာဆီယံစားသောက်ဖွယ်ရာဈေးရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

၂၀၀၄ခုနှစ် ဩဂုတ် ၈ရက်တွင် ကျရောက်မည့် (၃၇)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်းကကြီးမှူး၍ အာဆီယံစားသောက်ဖွယ်ရာ ဈေးရောင်းပွဲတော် (ASEAN Food Festival)ကို ဩဂုတ် ၇ ရက်တွင် Kandawgyi Palace Hotel (Lake View)၌ ကျင်းပမည်ဖြစ်သည်။

ဩဂုတ် ၇ ရက်တွင် ကျင်းပမည့် အဆိုပါ အာဆီယံစားသောက်ဖွယ်ရာ ဈေးရောင်းပွဲတော်သို့ ဝင်ကြေးပေးရန်မလိုဘဲ မည်သူမဆိုလာရောက်ဝယ်ယူ ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော် အပ်ပါသည်။

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအားပညာသင်ထောက်ပံ့

ရန်ကုန် ဇူလိုင် ၂၉

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနအောက်ရှိ ဌာန အသီးသီးမှ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတို့တွင် ပညာသင် ကြားနေသော ဝန်ထမ်းသားသမီးများအား ၂၀၀၄-၂၀၀၅ ပညာသင်နှစ် အတွက် ဗဟိုဝန်ထမ်း သက်သာချောင်ချိရေး ကော်မတီ ရန်ပုံငွေက ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ် (၈၃၉) ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ရုံးချုပ်)၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဗဟိုဝန်ထမ်းသက်သာချောင်ချိရေးကော်မတီဥက္ကဋ္ဌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် ဌာနကြီးမှူးများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဗဟိုဝန်ထမ်း သက်သာ ချောင်ချိရေး ကော်မတီဥက္ကဋ္ဌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က ပညာသင်ထောက်ပံ့ငွေများပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်နှင့်တိုင်း အသီးသီးတွင် မူလတန်း၊အလယ်တန်းနှင့် အထက်တန်း တို့၌ ပညာသင်ကြားနေသော ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ငွေများကို ဌာနကြီးမှူးများသို့ပေးအပ်သည်။(**အောက်ပုံ**)

ပြည်နယ်နှင့်တိုင်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတို့၌ ပညာသင်ကြားနေသော ဝန်ထမ်းသားသမီး ၇၉၈၀တို့အတွက် ပညာသင် ထောက်ပံ့ငွေ စုစုပေါင်းမှာငွေကျပ် ၁၄ဒသမ၁၂၄သန်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝိပဿနာကိုယ်တွေ့ တရားတော်အားထုတ်နိုင်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်း ဓမ္မပါလလမ်းရှိ မဟာသုခါရာမစာသင်တိုက် (သဗ္ဗညုဘုရားကြီးအနီး)၌ ဇူလိုင် ၃၁ ရက် (ဒုတိယဝါဆိုလပြည့်နေ့)မှစတင်၍ ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း နံနက် ၁၀ နာရီတွင် ဝိပဿနာကိုယ်တွေ့ အလုပ်ပေးတရားတော် (တစ်မိနစ်တရားအားထုတ်နည်းသင်တန်း) ကျင်းပသွားမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများ ကိုယ်တွေ့လာရောက် တရားအားထုတ် လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံမြောက် အမက(၁၇) ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၉

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အမှတ် (၁၇)အခြေခံပညာမူလတန်းကျောင်း၏ (၁၃)ကြိမ်မြောက်ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၃ရက်က ကျောင်းခန်းမတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ငွေကျပ် လေးသိန်းကျော်တန်ဖိုးရှိ ရေစင်နှင့် ရေစည်အလှူရှင်ဦးမောင်မောင်လှ-ဒေါ်စန်းစန်းအေးမိသားစု၊ ငွေကျပ်နှစ် သိန်းကျော်တန်ဖိုးရှိ အဝီစိတွင်း အလှူရှင် ဦးစောဦး-ဒေါ်မျိုးပပ မိသားစု၊ ငွေကျပ် နှစ်သိန်းခန့်တန်ဖိုးရှိ ရေစုပ် စက်အလှူရှင် ကျောင်းသား ကျောင်းသူ မိဘများ၏ လှူဒါန်းမှု အစုစု တို့အတွက် ရေစက်ချတရားပွဲကိုလည်း ကျင်းပကြောင်းသိရသည်။

(အပေါ်ဝဲပုံ) (က-ပ)

မေတ္တာအေးသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် စံပြရပ်ကွက် ၅လမ်း မဟာစည်မေတ္တာအေးသာသနာ့ရိပ်သာ၌ ဝါဆိုတော်မူကြမည့် သံဃာတော်အရှင်သူမြတ်များနှင့် ပင့်သံဃာတော်အရှင်သူမြတ်တို့အား စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်) ဩဂုတ် ၈ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ စေတနာရှင် အလှူရှင်များသည် သက်နှင်းစသော လှူဖွယ်ဝတ္ထုများကို အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၅၆၂၂၄၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် ဇူလိုင် ၂၉

သာကေတမြို့ (၉)ရပ်ကွက် နဝရတ်လမ်း ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်ကြီး၌ ဩဂုတ် ၃ရက်မှ အောက်တိုဘာ ၃၀ရက်အထိ ရက် ၉၀ တရားစခန်းပွဲကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော်အရှင် ပုညာနန္ဒက ခန္ဓာဥာဏ်သစ္စာတရားများ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ရက် (အဖိတ်နေ့)
၃၀-၇-၂၀၀၄ (သောကြာနေ့)နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	မဟာဝံသမြတ်ဗုဒ္ဓ (ပထမပိုင်း)
၈:၁၅	၅။	သံသာချိုအေး မင်္ဂလာတေး
၈:၂၅	၆။	ဝါဆိုလကဗျာ(အထက-၁၊ဒဂုံ)
၈:၃၀	၇။	International News
၈:၄၅	၈။	English for Everyday Use

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading.
၁၆:၄၅	၄။	ရန်ကုန်တိုင်း အမှတ်(၃)အခြေခံပညာဦးစီးဌာန ပဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ(ပထမဆု)(အထက-၁၊လသာ) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၁၇:၀၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး)(ရူပဗေဒ)
၁၇:၂၀	၆။	တိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၃၀	၇။	နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇:၄၀	၈။	နှောင်းခေတ်တေးပဒေသာ
၁၇:၅၀	၉။	မြန်မာစာ မြန်မာစကား
၁၈:၀၅	၁၀။	Discovery
၁၈:၁၅	၁၁။	ဝါဆိုလဘွဲ့တေးများ
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"**(အပိုင်း-၄၄)
၁၉:၃၅	၁၅။	ပညာပါရမီအပြုတော် နတ်လူသာခုခေါ်
၁၉:၄၅	၁၆။	လုံခြုံပြည့်ဝစိတ်ချရေး မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပေး
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	မြန်မာရုပ်ရှင် **'ညှော့သည်'** သုမောင်၊ ရန်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ (ဒါရိုက်တာ-မောင်နန္ဒ)

အင်အားအသင့်အတင့်မြေငလျင်လှုပ်

ရန်ကုန် ဇူလိုင် ၂၉

၂၀၀၄ခုနှစ် ဇူလိုင် ၂၉ရက် မြန်မာစံတော်ချိန် ဝ၈နာရီ ၁၅မိနစ် ၄၁ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ တောင်ဘက် ၃၉၉ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၃အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်ထားသည်။

မိုးဦးကောင်း၍ ဧရာဝတီမြစ်ကြောင်းရှိ မြို့နယ်အချို့ ရေဘေးကြုံရ မြစ်ကြီးနားမြို့၌ စပါးစိုက်ခင်းနှင့်အိုးအိမ်ပစ္စည်းအချို့ ဆုံးရှုံးမှုရှိ တပ်မတော်သားများနှင့်ဒေသခံများကာကွယ်၍ မန္တလေးမြို့၌ ဆုံးရှုံးမှုမရှိ မြစ်ကမ်းပါးနေပြည်သူများ သတိပြုကြိုတင်ပြင်ဆင်ကာကွယ်ရန်လိုအပ်

ရန်ကုန် ဇူလိုင် ၂၉

၂၀၀၄ခုနှစ် မိုးဦးကြိုကာလ ဧပြီလကတည်းက မြန်မာနိုင်ငံမြောက်ဖျားဒေသ၌ မိုးများစတင်ရွာသွန်းခဲ့ပြီး ယခင်နှစ်များကထက် မိုးဦးကာလတွင် မိုးကောင်းခဲ့သည်။ ဇူလိုင်ပထမပတ်မှစတင်၍ မြန်မာနိုင်ငံမြောက်ဖျား၊ ဧရာဝတီမြစ်၏ မြစ်ဖျားရေဝေရေလဲဒေသများတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ဧရာဝတီမြစ်အထက်ပိုင်းဒေသ၌ မြစ်ရေမြင့်တက်မှုဖြစ်ပွားခဲ့သည်။

အိုးအိမ်အချို့ပျက်စီး

ယင်းသို့ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်ချီဖွေနှင့်ပန်ဝါတို့၌ မြေပြိုမှုအချို့နှင့် လမ်းပျက်စီးမှုအချို့ဖြစ်ပွားခဲ့ပြီး ဇူလိုင်တတိယပတ်တွင် ကချင်ပြည် နယ်မြစ်ကြီးနားမြို့နှင့် ဗန်းမော်မြို့တို့၌ ဧရာဝတီမြစ်ရေသည် သတ်မှတ်ထားသော စိုးရိမ်ရေမှတ်အထက်ကျော်လွန်၍ မြစ်ရေမြင့်တက်မှုများဖြစ်ပွား ခဲ့သည်။ ဇူလိုင် ၁၉ရက် မြစ်ကြီးနားမြို့၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်ထက် ၆၇စင်တီမီတာကျော်လွန်မြင့်တက်ခဲ့ပြီး မြို့တွင်းသို့ရေများဝင်ရောက်ခဲ့သည်။ ရေဘေးသင့်မှုဖြစ်ပွားလျှင်ဖြစ်ပွားချင်း ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးသင့်ရပ်ကွက်၊ ကျေးရွာများသို့ ချက်ချင်းသွားရောက်၍ ယာယီကယ်ဆယ်ရေးစခန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုစခန်းများဖွင့်လှစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြသည်။ လူအသေအပျောက် မရှိကြောင်းနှင့် စပါးစိုက်ခင်းအချို့နှင့် အိုးအိမ်အချို့ပျက်စီးဆုံးရှုံးမှုရှိခဲ့ကြောင်းသိရသည်။

စောင့်ရှောက်ရေးလုပ်ငန်းတိုးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သော မြစ်ရေကြီးမြင့်မှုကြောင့် ရေဘေးသင့်မှုကြုံတွေ့ခဲ့ရသော မြစ်ကြီးနားမြို့သို့ ဇူလိုင် ၂၄ရက်တွင် သွားရောက်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ဒေသခံတာဝန်ရှိသူများနှင့်အတူ ကိုယ်တိုင်ကိုယ်ကြပ် ဆောင်ရွက်ပေးခဲ့သည်။ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ရေဘေးသင့်ရပ်ကွက်၊ ကျေးရွာများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယာယီကယ်ဆယ်ရေးစခန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုစခန်းများ၌ ရေဘေးသင့်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောခြင်း၊ စေတနာရှင်များက လှူဒါန်းသော ရေဘေးအထောက်အပံ့ငွေကြေးနှင့် ပစ္စည်းများပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ပျက်စီးသွားသော လယ်ယာစိုက်ခင်းများအချိန်မီ ပြန်လည် စိုက်ပျိုးနိုင်ရေး၊ မြစ်ကမ်းရေတိုက်စားမှု ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ စီမံဆောင်ရွက်မှု ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု နည်းပါးရေးအတွက် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ရေစိမ့်ဝင်ရောက်

မြန်မာနိုင်ငံမြောက်ဖျားဒေသ၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြင့်တက်ခဲ့သော ဧရာဝတီမြစ်ရေသည် အောက်ဘက်သို့ဆက်လက်စီးဆင်းခဲ့ရာ မန္တလေးမြို့၌လည်း ဧရာဝတီမြစ်ရေမြင့်တက်မှုဖြစ်ပွားခဲ့သည်။ ဧရာဝတီမြစ်ရေသည် ဇူလိုင်၂၅ရက်တွင် မန္တလေးမြို့၌ သတ်မှတ်စိုးရိမ်ရေမှတ် စင်တီမီတာ ၁၂၆၀ အထက်ကျော်လွန်၍ ၁၉၇၄ခုနှစ်က အမြင့်ဆုံးရောက်ခဲ့သော ၁၃၄၃ စင်တီမီတာသို့ ရောက်ရှိခဲ့သည်။ ဇူလိုင်၂၇ရက်တွင် ၁၃၈၂စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး ယင်းနေ့ညဉ့်၁၁နာရီမှစ၍ မြစ်ရေ တဖြည်းဖြည်း ပြန်ကျသွားခဲ့သည်။ ယင်းသို့ မြစ်ရေမြင့်တက်ခဲ့သော်လည်း မန္တလေးမြို့ ကမ်းနားလမ်းတစ်လျှောက်တွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့ ဝင်များ၊ ဒေသခံပြည်သူများက ရေကျော်ရေလျှမ်းမှုမဖြစ်ရအောင် သဲအိတ်များ၊ ကာကွယ်ရေးပစ္စည်းများ အသင့်ဆောင်၍ နေ့ညမပြတ် ရေကင်းတာဝန်ယူဆောင်ရွက်မှုကြောင့်ကမ်းနားလမ်းအနီးရှိ ရပ်ကွက်အချို့တွင် အနည်းအကျဉ်းရေစိမ့်ဝင်ရောက်မှုရှိသည်မှအပ ပျက်စီးဆုံးရှုံးမှု မရှိကြောင်းသိရသည်။

မုံရွာမြို့ဘက်တွင်လည်း တပ်မတော်သားများ၊ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များကစည်းစည်းလုံးလုံးညီညီညွတ်ညွတ် ရေကင်းစောင့်ခြင်း၊ တာဖို့ပြုပြင်ခြင်းများ ကြိုတင်ဆောင်ရွက်စီမံနိုင်ခဲ့ မှုကြောင့် မြစ်ရေမဝင်ခဲ့ကြောင်းသိရသည်။

အမရပူရမြို့နယ် တောင်သမန်အင်း ရေတိုးလာသဖြင့် တောင်သမန်အင်းပေါ်ရှိ ဦးပိန်တံတားကြမ်းခင်းအပေါ် နှစ်ပေခန့်ရေကျော်တက်ခဲ့ပြီး ရေလှိုင်းပုတ်ခတ်မှုဒဏ်ကြောင့် တိုင်၁၃တိုင်ပြုတ်ထွက်ခဲ့ရာ တာဝန်ရှိသူများက အဆိုပါတိုင်များကို အချိန်မီ ပြန်လည်ဆယ်ယူ၍ ထိန်းသိမ်းထားကာ ရှေးမူလက်ရာအတိုင်း ပြန်လည်ပြုပြင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရေဘေးစိုးရိမ်ရမှုမရှိ

အဆိုပါ မြင့်တက်ခဲ့သော ဧရာဝတီမြစ်ရေသည် အောက်ပိုင်းသို့ ဆက်လက်ရွေ့လျားလာခဲ့ရာ ဇူလိုင်၂၈ရက်တွင် ပုဂံ–ညောင်ဦး၊ မကွေးနှင့် မင်းဘူး၌ သတ်မှတ်စိုးရိမ်ရေမှတ် အထက်ရောက်ရှိပြီး မြစ်ရေကြီးမှုဖြစ်ပွားခဲ့သော်လည်း ရေဘေးစိုးရိမ်ရမှုမရှိခဲ့ပါ။

ဧရာဝတီမြစ်ရေသည် ဇူလိုင်၂၉ရက်တွင် အောင်လံမြို့၌ စိုးရိမ်ရေမှတ် စင်တီမီတာ၂၅၅၀အထက် ၆၈စင်တီမီတာကျော်လွန်၍လည်းကောင်း၊ ပြည်မြို့၌ စိုးရိမ်ရေမှတ် စင်တီမီတာ၂၉၀၀ အထက် ၄၂ စင်တီမီတာကျော် လွန်၍လည်းကောင်း၊ ဟင်္သာတမြို့၌ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာ အထက် ၇၇ စင်တီမီတာကျော်လွန်၍လည်းကောင်း ရောက်ရှိနေကြောင်းသိရသည်။

ကြီးကြပ်ဆောင်ရွက်လျက်ရှိ

ယခင်နှစ်များကနှင့်မတူ ယခုနှစ်တွင် မိုးဦးကြိုကာလကတည်းက မိုးကောင်းခဲ့သဖြင့် ဧရာဝတီမြစ်ကဲ့သို့ပင် ချင်းတွင်း၊ စစ်တောင်း၊ သံလွင် မြစ်တို့လည်း မြစ်ရေမြင့်တက်မှုရှိခဲ့သည်။ ဧရာဝတီမြစ်အထက်ပိုင်းမှာ မြစ်ရေတဖြည်းဖြည်းကျဆင်းလျက်ရှိချိန်တွင် ဧရာဝတီမြစ်အောက်ပိုင်းတစ်လျှောက် မြစ်ရေမြင့်တက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။မြစ်ရေကြီးမှုများကို ပြည်သူများက သတိပြုကြိုတင်ပြင်ဆင်ကာကွယ်ရန် လိုအပ်သည်။ သတိပေး နှိုးဆော်ချက်များနှင့်အညီ မြစ်ရေကြီးမှုထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်ကလည်း ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ဆေးလောက အောင်မြင်မှုမှတ်တိုင်စိုက်ထူ ၁၂နှစ်တိုင်ပါးစပ်ဟမရသောလူနာ ပုံမှန်ပြန်ဖြစ်အောင်ခွဲစိတ်ကုသနိုင်

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံဆေးပညာရှင်များက နိုင်ငံတကာဆေးပညာရှင်များ၏ပါဝင်ပူးပေါင်းမှုဖြင့် (၁၂)နှစ်တိုင်တိုင် ပါးစပ်ဟ၍မရသော လူနာတစ်ဦးကို ဇူလိုင် ၁၆ရက်တွင် ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

အဆိုပါ ဝေဒနာရှင်မှာ ဒဂုံတက္ကသိုလ်တွင် ဒုတိယနှစ် ဘူမိဗေဒအဓိကဖြင့် တက်ရောက်ပညာသင်ကြားလျက်ရှိသော မောင်ဇေယျာအောင်(၁၈)နှစ်ဖြစ်သည်။

စကားမပီသ

မောင်ဇေယျာအောင် လေးလသားအရွယ်တွင် ချီပိုးထားစဉ် ပြုတ်ကျသဖြင့် အောက်မေးရိုးနှင့် ဦးခေါင်းခွံအရိုးဆက်သွားကာ ခြောက်နှစ်သား အရွယ်မှစ၍ပါးစပ်ဟ၍မရဘဲရှိနေခဲ့သည်။ ယင်းသို့ ပါးစပ်ဟ၍မရသဖြင့် အရည်နှင့်အစာပျော့ကိုသာ ပိုက်ဖြင့်စုပ်ယူစားသောက်ခဲ့ရပြီး စကားပြောရာတွင်လည်း မပီမသဖြစ်ခဲ့ရသည်။

မောင်ဇေယျာအောင်သည် ဇူလိုင်၈ရက်တွင် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီးသို့ လာရောက်ပြသရာ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာန ပါမောက္ခ ဌာနမှူးဦးကိုကိုမောင်ကဆေးရုံတင်၍ ကိုယ်တိုင်ခွဲစိတ်ကုသမှုပြုရန် စီစဉ်ထားရှိခဲ့သည်။

ခွဲစိတ်မှုအောင်မြင်

ယင်းသို့ရှိစဉ် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာဆေးပညာစဉ်ဆက်မပြတ် တိုးတက်ပြန့်ပွားရေးအဖွဲ့ (International College for Continuing Dental Education)သည် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းနှင့် ပညာရပ်နှီးနှောဖလှယ်ပွဲကျင်းပရန် ရန်ကုန်မြို့သို့ရောက်ရှိခဲ့ပြီး ဇူလိုင်၁၂ရက်မှ ၁၆ရက်အထိ မြန်မာနိုင်ငံသွားဘက် ဆိုင်ရာပညာရှင်များနှင့် အဆိုပါအဖွဲ့မှ မေးရိုးနှင့်ခံတွင်း ခွဲစိတ်ကုသမှုအဖွဲ့တို့ပူးပေါင်းကာ သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာ ၂၅ ဦးနှင့်အတူ မောင်ဇေယျာအောင်၏ အောက်မေးရိုးခွဲစိတ်ကုသမှုကိုပါ အောင်မြင်စွာဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကုသချိန်လေးနာရီကြာ

အဆိုပါ ပူးပေါင်းကုသမှုအဖွဲ့တွင် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာဦးကိုကိုမောင်နှင့် အကူမေ့ဆေးဆရာဝန်ကြီး ဒေါက်တာဒေါ်ကြည်ကြည်စန်းနှင့် သူနာပြုဆရာမများပါဝင်ပြီး စင်ကာပူနိုင်ငံ Mount Elizabeth Hospital မှ Dr. Myra Elliot နှင့် ၎င်း၏လက်ထောက် ဆရာဝန်တို့ ပါဝင်ဆောင်ရွက်ခဲ့ကြရာ ခွဲစိတ်ကုသချိန် လေးနာရီခန့်ကြာမြင့်ခဲ့သည်။

ယခုအခါ မောင်ဇေယျာအောင်မှာ ပါးစပ်လက်နှစ်လုံးခန့်ဖွင့်နိုင် ဟနိုင်လာပြီး စကားပိုမိုပီသစွာ ပြောဆိုနိုင်ကာ အဆိုပါဆေးရုံကြီး၌ပင် ဆေးဝါးကုသမှုဆက်လက်ခံယူလျက်ရှိသည်။

စကားပီပီသသပြောနိုင်

မောင်ဇေယျာအောင်သည် ဩဂုတ်လဆန်းပိုင်းတွင် ဆေးရုံမှဆင်းနိုင်မည်ဖြစ်ပြီး ပုံမှန်လေ့ကျင့်ပေးသွားပါက သာမန်လူများကဲ့သို့ ပါးစပ်ဟနိုင် စားသောက်နိုင်ကာ စကားလည်းပီပီသသပြောဆိုသွားနိုင်မည်ဖြစ်သည်။ ယခင်ကလည်း အလားတူပါးစပ်ဟ၍မရသော လူနာနှစ်ဦးကို မြန်မာနိုင်ငံမှ ဆရာဝန်ကြီး ဒေါက်တာဦးကိုကို မောင်ကိုယ်တိုင်အောင်မြင်စွာခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း၊ ၎င်းလူနာများကို အောင်မြင်စွာခွဲစိတ်ကုသပေးနိုင်မှုသည် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆေးပညာလောက၏ အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံဆေးပညာလောကသည် ခေတ်နှင့်အညီ တိုးတက်အောင်မြင်လျက်ရှိ၍ ဝမ်းသာဂုဏ်ယူပါကြောင်းဖြင့် ICCDEမှ Dr. Myra Elliot က ပြောကြားသွားသည်။ မောင်ဇေယျာအောင်ကို အောင်မြင်စွာခွဲစိတ်ကုသနိုင်ခဲ့ကြောင်း သတင်းဆောင်းပါးကို ၂၇-၇-၂၀၀၄ ရက်နေ့ စင်ကာပူနိုင်ငံထုတ် The Straits Times သတင်းစာတွင် ဖော်ပြထားကြောင်းသိရသည်။ **(သတင်းစဉ်)**

He opens his mouth for the first time in 12 years

Myanmar youth has hope of using his mouth properly after S'pore doctors and dentists operated to force open his locked jaws

30-7 (07).p65 1 03/25/1905, 9:03 PM

✻ ရှေ့ဖုံးမှ

ဆက်လက်ဆောင်ရွက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟုန်ပန်းဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသောလမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ရာ မိုင်တိုင်အမှတ်၃၅၀/၀ (Toll Gate)အနီးရှိဟုန်ပန်းဆောက်လုပ်ရေးကုမ္ပဏီ၏လုပ်ငန်းခွင်ရုံးသို့ ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့အား ဟုန်ပန်းဆောက်လုပ်ရေးမှ စီမံကိန်းတာဝန်ခံဦးကြည်စိုးက မိမိတို့တာဝန်ယူ ဆောင်ရွက်နေသော လမ်းပိုင်းလမ်းသစ်နှင့် မူလလမ်းဟောင်းတို့အား ကတ္တရာလမ်းခင်းခြင်းပြီးစီးမှု၊ မြေသားလမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှု၊ မိတ္ထီလာမြို့ရှောင် လမ်းအရှည်ကိုးမိုင် သုံးဖာလုံ၊ အကျယ် ပေ ၂၀၀ကို လမ်းအူကြောင်းမြေသား လမ်းရာဖွေဖော်ထုတ်မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သော အပိုင်းအလိုက် ဆောင်ရွက်ရန်ရှိသည်တို့ကို မိုးရာသီကာလ ဖြစ်လင့်ကစား စောင့်ဆိုင်း၍ မနေဘဲ လုပ်ငန်းများဆက်လက် ဆောင်ရွက်သွားရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဟုန်ပန်းကုမ္ပဏီ၏ မိတ္ထီလာမြို့ ရှောင်လမ်း လမ်းအူကြောင်းရာဖွေ ဖော်ထုတ်မှုကို ကြည့်ရှုစစ်ဆေးရန် မိတ္ထီလာမြို့အဝင် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီးနှင့် မိတ္ထီလာ-သာစည် ကားလမ်း သပြေဝလမ်းဆုံသို့ ရောက်ရှိကြပြီး သပြေဝ-ညောင်ကိုင်း-ကျိုက်ပလဲကျေးရွာများကို ဖြတ်သန်းဖောက်လုပ်မည့် မြို့ရှောင်လမ်း လမ်းအူကြောင်းအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့အား ယုဇနဟိုင်းဝေးကုမ္ပဏီလီမိတက်မှ စီမံကိန်းအင်ဂျင်နီယာ ဦးခင်မောင်ညွှန့်က ကုမ္ပဏီမှတာဝန်ယူဆောင်ရွက်ရမည့် မြို့ရှောင်လမ်းအပိုင်း၌ လုပ်ငန်းများဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ သစ်တက်ကုန်း ရေလွှဲဆည်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များ မိတ္ထီလာမြို့ရှောင်လမ်း လမ်းအပိုင်း၌ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားစဉ်။

(သတင်းစဉ်)

အမှတ်(၃)အခြေခံပညာဦးစီးဌာန(ရန်ကုန်မြို့တော်) ဓမ္မစက္ကပဝတ္တနသုတ်တော်ရွတ်ဖတ် ပူဇော်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ပညာရေးဝန်ကြီးဌာန အမှတ် (၃)အခြေခံပညာဦးစီးဌာန(ရန်ကုန်မြို့တော်) ဆဋ္ဌမအကြိမ် ဓမ္မစက္ကပဝတ္တနသုတ်တော်ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၌ ကျင်းပပူဇော်ရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် ကြည်ညိုသည်။

အဆိုပါ ဓမ္မစက္ကပဝတ္တနသုတ်တော်ရွတ်ဖတ်ပူဇော်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများက နမော တဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ပူဇော်ပွဲကိုဖွင့်လှစ်ပြီးကျောင်းသူတစ်ဦးက စိန်ရောင်ခြည် ဘုရားပင့် အမွှန်းကို ရွတ်ဆိုပူဇော်သည်။

ဆက်ကပ်ပူဇော်

ဆက်လက်၍ ဩကာသကန်တော့ချိုးနှင့် ငါးပါးသီလခံယူဆောက် တည်ကြကာ ရွှေတိဂုံစေတီတော် မြတ်ကြီးအား ဆီမီး၉၀၀၀၊ ပန်း ၉၀၀၀တို့ဖြင့် ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် နတ်ဖိတ်အမွှန်းကို ကျောင်းသူတစ်ဦးက ပူဇော်ခြင်း၊ ဘုရားဂုဏ်၊တရားဂုဏ်၊သံဃာ့ဂုဏ် ပါဠိတော်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဓမ္မစက္ကပဝတ္တနသုတ်တော်အမွှန်းကို ကျောင်းသူတစ်ဦးက ရွတ်ဆို ပူဇော်ခြင်း၊ ဓမ္မစက္ကပဝတ္တနသုတ် ပါဠိတော်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ဒိသာဖရဏ မေတ္တာပွားနည်းဖြင့် မေတ္တာပို့ခြင်း၊နတ်ပို့အမွှန်းကို ကျောင်းသူတစ်ဦးက ရွတ်ဆိုပူဇော်ခြင်း၊အမျှဝေကိုကျောင်းသူတစ်ဦးက ရွတ်ဆိုပို့သခြင်းနှင့် စုပေါင်းအမျှ ပေးဝေခြင်းတို့ကို အစီအစဉ်အတိုင်းကျင်းပပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ပိတ်သိမ်းလိုက်သည်။

ယင်းနောက်လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် ထာဝရဘက်စုံအလှူတော်ငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ရွှေတိဂုံစေတီတော် ရင်ပြင်တော်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်တန်ဆောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အလှူငွေများကို လက်ခံသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး၏ လှူဒါန်းငွေကျပ် ၄၅၀၀၀၀ နှင့် ရွှေစင်ရွှေပြားတစ်ပြားကိုပညာရေးဝန်ကြီးဌာနဝန်ကြီးဦးသန်းအောင်ကလည်းကောင်း၊ အင်းစိန်၊ လမ်းမတော်၊ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ပညာရေးမိသားစု၏ လှူဒါန်းငွေကျပ် ၄၅၀၀၀၀နှင့် ရွှေစင် ရွှေပြားတစ်ပြားကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းကလည်းကောင်း၊အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ၏ လှူဒါန်းငွေကျပ် ၄၅၀၀၀၀ နှင့် ရွှေစင်ရွှေပြားတစ်ပြားကို ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်ကလည်းကောင်း၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ လှူဒါန်းငွေကျပ် ၄၅၀၀၀၀ နှင့် ရွှေစင်ရွှေပြားတစ်ပြားကို ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းကလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်း

ယင်းနောက် အမှတ်(၁) အခြေခံပညာဦးစီးဌာန(အောက်မြန်မာပြည်)၏ လှူဒါန်းငွေကျပ် ၄၅၀၀၀၀ နှင့် ရွှေစင်ရွှေပြားတစ်ပြားကို ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက လည်းကောင်း၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့နှင့် စံပြမူကြိုကျောင်း၏ လှူဒါန်းငွေကျပ် ၄၅၀၀၀၀ နှင့်ရွှေစင် ရွှေပြားတစ်ပြားကို ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်က လည်းကောင်း၊ မြန်မာနိုင်ငံစာစစ်အဖွဲ့၏လှူဒါန်းငွေကျပ်၄၅၀၀၀၀ နှင့် ရွှေစင်ရွှေပြားတစ်ပြားကို ဥက္ကဋ္ဌ သုရဦးအောင်ထွန်းက လည်းကောင်း၊ မင်္ဂလာဒုံနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ပညာရေးမိသားစု၏ လှူဒါန်းငွေကျပ် ၄၅၀၃၀၀နှင့် ရွှေစင် ရွှေပြားတစ်ပြားကိုရုံးအဖွဲ့မှူးဒုတိယဗိုလ်မှူးကြီးမျိုးမြင့်ကလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ကလက်ခံပြီးဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည် ပေးအပ်သည်။

ထို့နောက်အမှတ်(၃)အခြေခံပညာဦးစီးဌာန၏ လှူဒါန်းငွေကျပ်၄၅၀၀၀၀ နှင့်ရွှေစင်ရွှေပြားတစ်ပြား အပါအဝင် ဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများ၊ မြို့နယ်ပညာရေးမိသားစုများက စုပေါင်းလှူဒါန်း ငွေနှင့် ရွှေစင်ရွှေပြားများကို ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက ပေးအပ်လှူဒါန်းရာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် ထာဝရဘက်စုံအလှူတော်ငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန၊ဝန်ကြီးရုံး အပါအဝင် ဦးစီးဌာနများနှင့် အဖွဲ့၊ မြို့နယ်ပညာရေး မိသားစုများ၊အခြေခံပညာကျောင်းများမှ လှူဒါန်းမှုအစုစုမှာ ငွေ ၃၀၃၉၃၃၆၅ ကျပ်နှင့် ရွှေစင်ရွှေပြား ၆၇ ပြား ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်လုပ်ငန်းတာဝန်နှင့် စီမံချက်များရှင်းလင်း မွန်မြတ်သောရည်ရွယ်ချက်များအောင်မြင်ရေး အမျိုးသမီးများပူးပေါင်းပါဝင်

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာဟောပြောပွဲကို ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ သဃ်ာန်းကျွန်းမြို့နယ်ရှိ အားကစားဝန်ကြီးဌာန အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီတက်ရောက်၍ အကျယ်တဝင့် ဆွေးနွေးဟောပြောသည်။

တက်ရောက်

ဟောပြောပွဲသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်ခင် သက်ဌေး၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၏ ဇနီးမြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့အကြံပေးပုဂ္ဂိုလ် ဒေါ်အေးအေး၊အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်ဇနီး ဒေါ်အယ်လ်ခွန်းရီ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊အားကစားဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာနမှ အမျိုးသမီးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးအားကစားမယ်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)ရှိ သင်တန်းသူများ စုစုပေါင်း ၅၁၆ ဦး တက်ရောက်ကြသည်။

ဆွေးနွေးပြောကြား

ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊အဖွဲ့ချုပ်၏ရည်ရွယ်ချက်(၇)ချက်၊ ဖွဲ့စည်းပုံအဆင့်ဆင့်၊ လုပ်ငန်း အဖွဲ့ ၁၆ ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းစီမံချက်တို့ကို ကဏ္ဍာင်းရပ်ခွဲ၍ ရှင်းလင်းဟောပြောပြီး“အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းဆောင်ရွက်စို့”ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သောရည်ရွယ်ချက်များ အောင်မြင်ရေး၊ အမျိုးသမီးများ မိမိဆန္ဒအလျောက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် အတွင်းရေးမှူးအဖွဲ့ဝင် ဒေါ်ထူးရော်က အသင်းဝင်ရောက်ရန် လျှောက်လွှာတင်သွင်းရေးကိစ္စများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်အေးအေးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အတွက် အားကစားဝန်ကြီးဌာနက လှူဒါန်းငွေကျပ် နှစ်သိန်းကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီထံသို့ ပေးအပ်ပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ဆေးရုံအဆောက်အအုံသစ်ဖွင့်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက် ၈ နာရီတွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး စိတ်ကျန်းမာရေးနှင့် မူးယစ်ဆေးစွဲကုသဌာန အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အစီအစဉ်အရ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(စီမံ) ဒေါက်တာဝင်းမြင့်တို့က စိတ်ကျန်းမာရေးနှင့် မူးယစ်ဆေးစွဲကုသဌာန အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက စိတ်ကျန်းမာရေးနှင့် မူးယစ်ဆေးစွဲကုသဌာန ကွန်ကရစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျိုက်မရောမြို့သို့ရောက်ရှိပြီး နံနက် ၉ နာရီတွင် ကျိုက်မရောမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

စာသင်ခန်းဖွင့်

ရှေးဦးစွာ ကျိုက်မရောမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်ကို ကျောင်းရှေ့မျက်နှာစာ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချစ်ချစ်ကြည်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကံသိန်းတို့က မာလ်တီမီဒီယာ စာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကျိုက်မရောမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနား ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မွန်ပြည်နယ် သံဖြူဇရပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မာလ်တီမီဒီယာ စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လေ့ကျင့်ပျိုးထောင်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကျောင်းသူ ကျောင်းသားများအား ခေတ်မီနည်းပညာများကို အီလက်ထရွန်နစ် သင်ထောက်ကူပစ္စည်းများဖြင့် ဆည်းပူးခွင့်ရရှိချိန်တွင် စနစ်တကျကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်အောင် သင်ယူဆည်းပူးကြရေး၊ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အဓိကစွမ်းဆောင်နိုင်သော နည်းပညာရပ်များကို မဖြစ်မနေတတ်မြောက်ကျွမ်းကျင်အောင် ကြိုးစားသင်ယူကြ၍ နိုင်ငံတော်ကို အလုပ်အကျွေးပြုရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ အမြဲရှင်သန်ထက်မြက်အောင် မွေးမြူထိန်းသိမ်းရေးတို့ကိုလည်းကောင်း၊ ဆရာ ဆရာမများကလည်း ခေတ်မီနည်းပညာရပ်များဖြင့် သင်ကြားပြသနိုင်ရန် မိမိတို့ကိုယ်တိုင်ကျွမ်းကျင်တတ်မြောက်အောင် လေ့လာဆည်းပူးကြရေး၊ တပည့်များအား ထူးချွန်ထက်မြက်ပညာရည်မြင့်မားသည်ထက် မြင့်မားအောင် သင်ကြားလေ့ကျင့်ပျိုးထောင်ပေးရေးတို့ကိုလည်းကောင်း မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားသည်။

အရည်အသွေးမြင့်မား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် ၂၀၀၁ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ပညာရေးကဏ္ဍကို အီလက်ထရွန်နစ်ပညာရေး(e-Education)အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ထိုနေ့က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာ၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးမှုအစီအစဉ်များကို အင်နှင့်အားနှင့် ထူထောင်၍ ထုထည်ပမာဏကြီးမားစွာ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ဒေသအလိုက် လိုအပ်သော လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးမှု အစီအစဉ်များကိုလည်း နေရာအနှံ့ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ တည်ထောင်ထားပြီးသော လူ့စွမ်းအားအရင်းအမြစ်များကို ရေရှည်တည်တံ့စေရန် ထိန်းသိမ်းသွားဖို့လည်း လိုအပ်ကြောင်း၊ ထို့အတူ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကိုလည်း ပညာကို စဉ်ဆက်မပြတ် လေ့လာသင်ယူဆည်းပူးနေသော လူ့ဘောင်အဖွဲ့အစည်းဖြစ်အောင် တည်ဆောက်သွားရန် လိုအပ်ကြောင်း၊ ယနေ့မျက်မှောက်ကာလသည် ပညာခေတ်ဖြစ်သည့်အလျောက် ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့သည် အနာဂတ်မျိုးဆက်သစ်လူငယ်များကို အရည်အသွေးမြင့်မားဖွံ့ဖြိုးတိုးတက်အောင် ပျိုးထောင်ပေးကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မြိတ်လမ်း ကားလမ်းမိုင်တိုင် အမှတ် ၂၂ နှင့် ၂၃ ကြား တံခွန်တိုင်ကျေးရွာရှိ မော်လမြိုင်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ မော်လမြိုင်-မုဒုံ-သံဖြူဇရပ်-ရေး-မလွှဲတောင်လမ်းပိုင်း တိုးချဲ့ပြုပြင်ရေးလုပ်ငန်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မွန်ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသော်ကနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးကျော်တင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လုပ်ငန်းပိုင်းဆိုင်ရာတို့ကို မှာကြားသည်။

မိုးစပါးစိုက်ကွင်းစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မုဒုံ-သံဖြူဇရပ်လမ်းတစ်လျှောက်ရှိ လမ်းနှင့် တံတားများအခြေအနေ၊ လမ်းဘေးဝဲယာရှိ မိုးစပါးစိုက်ကွင်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မုဒုံ-သံဖြူဇရပ်လမ်းတစ်လျှောက်ရှိ လမ်းတံတားများ၊ မိုးစပါးနှင့် ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် သံဖြူဇရပ်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ သံဖြူဇရပ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်ကို ကျောင်းရှေ့ဥပစာ၌ ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးစိုးနိုင်က မာလ်တီမီဒီယာ စာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မွန်ပြည်နယ် သံဖြူဇရပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲ အခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မာလ်တီမီဒီယာ စာသင်ခန်းများတွင် ကျောင်းသား ကျောင်းသူများ သင်ယူဆည်းပူးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမ များအား မှာကြားသည်။

အထောက်အကူပစ္စည်းများပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သံဖြူဇရပ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် မာလ်တီမီဒီယာ အထောက်အကူပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားသည်။

မွန်ပြည်နယ် ကျိုက်မရောမြို့ ကျိုက်မရောဆုတောင်းပြည့်ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ရင်ဆိုင်ကျော်လွှားနိုင်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာ၌ မိမိတို့နိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံအဖြစ် တည်ဆောက်လျက်ရှိရာ အရည်အသွေးမြင့်မားသော လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုသည်အဓိကအကျဆုံး လိုအပ်ချက်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတပစ္စည်းများ ကုံလုံကြွယ်ဝနေသော်လည်း နည်းပညာဖွံ့ဖြိုးမှု အားနည်းနေသေးသဖြင့် သယံဇာတပစ္စည်းများကို ဖော်ယူအသုံးပြုနိုင်မှု အပြည့်အဝမရှိသေးကြောင်း၊ မိမိတို့၏ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် မိမိတို့အနေဖြင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်အောင် အပတ်တကုတ်ရှာဖွေဆည်းပူးနေရသကဲ့သို့ နောင်အနာဂတ်၏ မျိုးဆက်သစ်များအားလည်း ယခုအချိန်ကတည်းက အခြေခံ အီလက်ထရွန်နစ် နည်းပညာရပ်များဖြင့် ပြုစုပျိုးထောင်ပေးမည်ဆိုလျှင် ပညာခေတ်၏ စိန်ခေါ်မှုများကို မလွဲမသေ ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများသည် ရှေးရိုးသင်ကြားမှုစနစ်ဟောင်း အတိုင်း သင်ကြားပေးနေရုံမျှဖြင့် မလုံလောက်တော့ကြောင်း၊ အနာဂတ်အတွက် မျိုးဆက်သစ်လူငယ်များကို လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာအောင် ယခုထူထောင်ပေးလိုက်သော မာလ်တီမီဒီယာစာသင်ခန်းများမှ အီလက်ထရွန်နစ် သင်ထောက်ကူပစ္စည်းများကို အသုံးချလျက် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ပေးသော နည်းစနစ်များနှင့်အညီ လေ့ကျင့်ပျိုးထောင်ပေးကြရမည် ဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

မိမိတို့နိုင်ငံ၏ သဘာဝသယံဇာတ အရင်းအမြစ်များကို မိမိတို့ကိုယ်တိုင် ထုတ်ယူအသုံးပြုနိုင်အောင် နည်းပညာ ဖွံ့ဖြိုးပြီး အရည်အသွေးထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ပညာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ပေးကြပါဟု မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး၊ တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကျောင်းရွာတိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်း၊ မတည်ငွေနှင့် သံဃာဆောင်ဆောက်လုပ်ရေးအတွက် ငွေကျပ် တစ်သိန်းခွဲတို့ကို ပေးအပ်လှူဒါန်းရာ တိုက်နယ်ဆရာဝန် ဒေါက်တာရဲညွန့်က လက်ခံသည်။

ဘိလပ်မြေအိတ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကျောင်းရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ သွားရောက်၍ ကျောင်းဝင်းအတွင်း၌ ယခင်နှစ်က ရေအခက်အခဲရှိ၍ စက်ရေတွင်းတူးဖော်ရန် လိုအပ်သည်များကို စီစဉ်ပံ့ပိုးခဲ့မှုဖြင့် တူးဖော်ပြီးစီး အသုံးပြုနေပြီဖြစ်သော စက်ရေတွင်းနှင့် ရေစင်တို့ကို လည်းကောင်း၊ တည်ဆောက်ဆဲ အလျားပေ ၉၀၊ အနံပေ ၃၀ရှိ ကျောင်းဆောင်သစ်ဆောက်လုပ်ထားမှုအခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျောင်းရွာ၏ လိုအပ်ချက်အခြေအနေများကို မေးမြန်းရာတွင် လိုအပ်နေသော ဘိလပ်မြေအတွက် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဘိလပ်မြေအိတ် ၁၀၈ အိတ်ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကျောင်းရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားကာ ရေးမြို့၌ ညအိပ်ရပ်နားသည်။

(သတင်းစဉ်)

မြို့မကျောင်းသားဟောင်းများအသင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၉

မြို့မကျောင်းသား ကျောင်းသူဟောင်းများက ကြီးမှူး၍ ၁၃၆၈ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ (ဇူလိုင် ၃၁ ရက်) နံနက် ၉ နာရီတွင် အသင်းတည်ရာ အမှတ် ၆၈ စကားဝါလမ်း ဒဂုံမြို့နယ်၌ ကျောင်းသားကျောင်းသူဟောင်းများ စုပေါင်းပြီး ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် စေတနာရှင်တို့သည် အသင်းတိုက် ဖုန်း-၂၅၀၁၅၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

တရားဦးဒေသနာ ဓမ္မစကြာ

ဦးကျော်စိန် (မန္တလေး)

သုံးလောကထွတ်ထား သဗ္ဗညုတ မြတ်စွာဘုရား၏ မဟာဗုဒ္ဓဝင်ဖြစ်တော်စဉ်တွင် "ဝါဆိုလပြည့်နေ့"သည် မြတ်စွာဘုရား ပဋိသန္ဓေတည်နေတော်မူသောနေ့၊ တောထွက်တော်မူသောနေ့၊ ဓမ္မစကြာတရား ဟောတော်မူသောနေ့များ ကြုံကြိုက်သည့် နေ့ထူးနေ့မြတ် ဖြစ်ပေသည်။ "ဓမ္မစကြာသုတ္တန်"ဟူသည် မြတ်ဗုဒ္ဓ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက်"ပဉ္စဝဂ္ဂီငါးဦး"အား ဦးဦးဖျားဖျား ဟောကြားတော်မူသော တရားဒေသနာတော်ဖြစ်ပါသည်။"ဓမ္မစကြာသုတ္တန်"ကို ကျွန်ုပ်တို့ မြတ်စွာဘုရားတစ်ဆူတည်းသာ ဦးဦးဖျားဖျား ဟောကြားတော်မူခဲ့သည်မဟုတ်၊ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြသော ဘုရားရှင်များသည်လည်း ဤ"ဓမ္မစကြာသုတ္တန်"ကိုပင် ဦးဦးဖျားဖျား ဟောကြားတော်မူခဲ့ကြသည်။ ထိုမျှသာမက နောင်ပွင့်တော်မူမည့် ဘုရားရှင်များသည်လည်း ဤ"ဓမ္မစကြာသုတ္တန်"ကိုပင် ဦးဦးဖျားဖျား ဟောကြားတော်မူမည်ဖြစ်သည်။ သို့ဖြစ်၍ ဤ"ဓမ္မစကြာသုတ္တန်"ကို ဘုရားရှင်တိုင်း ဦးဦးဖျားဖျား ဟောကြားလေ့ရှိသဖြင့် ထူးခြားသော တရားဒေသနာတော်ဟု ဆိုရမည်ဖြစ်ပေသည်။

ဤ**"ဓမ္မစကြာသုတ္တန်"**ကို ပိဋကတ်ကျမ်းဂန်များ၌**"ဓမ္မစက္က ပဝတ္တန သုတ္တန်"**ဟု တွေ့ရပါသည်။ ထိုစကား၌ **"ဓမ္မစက္က"**၏အရမှာ အဋ္ဌကထာ၌ ဉာဏ်တော်ကို ဆိုလိုရင်းဖြစ်ကြောင်း ပြဆိုထား၏။ ထိုဉာဏ်တော်သည်–

(၁) **ပဋိဝေဓဉာဏ်** (ထိုးထွင်းသိဉာဏ်)

(၂) **ဒေသနာဉာဏ်** (ဟောပြောပြဉာဏ်)

ဟု နှစ်မျိုးနှစ်စား ရှိလေသည်။ ထိုနှစ်မျိုးနှစ်စားသောဉာဏ်တို့တွင် **ပဋိဝေဓဉာဏ်** (ထိုးထွင်းသိဉာဏ်)တော်သည် ဗောဓိမဏ္ဍိုင်၌ ဖြစ်ပေါ်ခဲ့၏။ **ဒေသနာဉာဏ်** (ဟောပြောပြဉာဏ်)တော်ကား ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ ဖြစ်ပေါ်ခဲ့သည်။ ကိုယ်တော်တိုင် ပဋိဝေဓဉာဏ်တော်ဖြင့် ထိုးထွင်း၍ သိတော်မူသော သစ္စာလေးပါး တရားမွန်တို့ကို သူတစ်ပါးတို့အား သိစေရန် ဒေသနာဉာဏ်ဖြင့် ဟောပြောပြသတော်မူသည်။ **"ပဝတ္တန"**ဆိုရာ၌ "ဖြစ်စေခြင်း"ဟူ၍ ဆိုလိုရာ ဆိုခဲ့ပြီးသော ဉာဏ်တော်နှစ်ပါးကို ဖြစ်စေခြင်းဟု အဓိပ္ပာယ်ရလေသည်။ ထို့ကြောင့် မြတ်စွာဘုရား၏ ထိုဉာဏ်တော်နှစ်ပါးကို ဖြစ်စေသော **"သုတ္တန်"**တရားတော်သည် **"ဓမ္မစက္ကပဝတ္တနသုတ္တန်"** တရားတော်ဖြစ်ကြောင်း သိရပေသည်။

ဤ"ဓမ္မစက္ကပဝတ္တနသုတ္တန်"၌ သစ္စာလေးပါးတရားမွန်တို့ကို မဟောကြားမီ ရှေးဦးစွာ မလိုလားထိုက်သော အယူဝါဒတို့ကို ဟောပြတော်မူ၏။ ထိုအယူဝါဒများကား (၁) ကာမသုခလ္လိကနုယောဂ၊ (၂) အတ္တကိလမထာနုယောဂ ဟု နှစ်မျိုးရှိရာ"ကာမသုခလ္လိကနုယောဂ"ဆိုသည်မှာ "လောကာယတဝါဒ"ကို ဆိုသည်။ ထိုဝါဒ၏ရည်ရွယ်ချက်မှာ မျက်မြင်လောက၌ စားကြ၊ သောက်ကြ၊ ကာမဂုဏ်ချမ်းသာတို့ကို ခံစားပျော်ပါးကြရန်ပင်ဖြစ်၏။ လောကချမ်းသာနှင့် ပျော်ပိုက်ရေး ဝါဒသာဖြစ်ပေသည်။ "အတ္တကိလမထာနုယောဂ"ဝါဒကား နိဗ္ဗာန်ချမ်းသာရရှိရေးအတွက် မိမိကိုယ်ကို ဒုက္ခပေးရမည်ဟု ဆိုလိုရင်းဝါဒပင် ဖြစ်၏။ ထိုဝါဒနှစ်မျိုးလုံးကို မြတ်စွာဘုရားသည် ခြွင်းချက်မရှိ ပယ်တော်မူခဲ့လေသည်။

မြတ်စွာဘုရား၏ အလိုတော်အရ ကာမဂုဏ် စည်းစိမ်ချမ်းသာကို ခံစားမက်မောတွယ်တာကပ်ငြိမှုသည် တစ်ခုသော အစွန်းလည်း ဖြစ်၏။ မမြတ်သော အကျင့်လည်းဖြစ်သည့်အပြင် တိုးတက်ခြင်း၏ အကြောင်းတရားလည်း မဟုတ်ချေ။ ကာမဂုဏ်ချမ်းသာ၌ မက်မောမှုသည် အစွန်းတစ်ခုဖြစ်သကဲ့သို့ နိဗ္ဗာန်ချမ်းသာရရှိရန် အရေးဖြင့် ခန္ဓာကိုယ်ကို ပြင်းထန်စွာ ဒုက္ခပေးမှုသည်လည်း တစ်ခုသောအစွန်းပင်ဟု မြတ်စွာဘုရား ဟောတော်မူသည်။ ယင်းကို ဆင်းရဲဟူ၍လည်းကောင်း၊ အရိယာတို့၏ ဥစ္စာမဟုတ် ဟူ၍လည်းကောင်း၊ အကျိုးမဲ့ဟူ၍လည်းကောင်း ဟောတော်မူသည်။

ဤသို့လျှင် ပယ်စွန့်ထိုက်သော နိဗ္ဗာန်ချမ်းသာမရကြောင်း အစွန်းနှစ်ပါးကို ပယ်စွန့်ရမည်ဟု ဟောကြားတော်မူပြီးလျှင် သဗ္ဗညုတဉာဏ်တော်ဖြင့် အထူးရှာဖွေ၍ရသော နိဗ္ဗာန်ချမ်းသာရကြောင်း၊ ဉာဏ်မျက်စိကို ပြုပေးတတ်သော အကျင့်မြတ်တရား အလင်းရောင်ကိုလည်း ထွန်းလင်းပြတော်မူသည်။ ဤသို့ ထွန်းလင်းပြတော်မူသော ထိုအလင်းရောင်သည် ကိလေသာငြိမ်းရန်၊ စင်ကြယ်သော ဉာဏ်အမြင်ရရန်၊ အမှန်ကိုထိုးထွင်းသိရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တရားအလင်းရောင်ဖြစ်၍ ယင်း၏အမည်မှာ **"မဇ္ဈိမပဋိပဒါ"**ဟု တွင်လေသည်။ "မဇ္ဈိမပဋိပဒါ"ဟူသည် အလယ်အလတ်ကျင့်စဉ်ဖြစ်၏။ ယင်း "မဇ္ဈိမပဋိပဒါ" အမျိုးအစား အရေအတွက်ကား–

(၁) ကောင်းမြတ်စင်ကြယ်သော သိမြင်မှု(သမ္မာဒိဋ္ဌိ)

(၂) ကောင်းမြတ်စင်ကြယ်သော ကြံစည်မှု (သမ္မာသင်္ကပ္ပ)

(၃) ကောင်းမြတ်စင်ကြယ်သော ဝစီကံမှု(သမ္မာဝါစာ)

(၄) ကောင်းမြတ်စင်ကြယ်သော ကာယကံမှု (သမ္မာကမ္မန္တ)

(၅) ကောင်းမြတ်စင်ကြယ်သော အသက်မွေးမှု (သမ္မာအာဇီဝ)

(၆) ကောင်းမြတ်စင်ကြယ်သော အားထုတ်မှု (သမ္မာဝါယမ)

(၇) ကောင်းမြတ်စင်ကြယ်သော အောက်မေ့မှု (သမ္မာသတိ)

(၈) ကောင်းမြတ်စင်ကြယ်သော တည်ကြည်မှု (သမ္မာသမာဓိ)

ဟူ၍ ရှစ်မျိုးရှစ်ပါးရှိလေရာ ယင်းကိုပင် မဂ်၏အစိတ်အပိုင်း (မဂ္ဂင်)ဟု ခေါ်လေသည်။ ဤရှစ်မျိုးသော လမ်းမှန်ကျင့်စဉ်များကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိပြီးမှ ဟောတော်မူကြောင်းကို **"တထာဂတေန အဘိသမ္ဗုဒ္ဓါ"** ဟူသော စကားဖြင့် ထင်ရှားပေသည်။

"မဇ္ဈိမပဋိပဒါ"ကြောင့် ရအပ်သော အကျိုးတရားမှာ ကိလေသာတို့ကို ဖျက်ဆီးသဖြင့် ရအပ်သော အလွန်စင်ကြယ်မွန်မြတ်သော ချမ်းသာအကျိုးတရားပင် ဖြစ်လေသည်။ "ပဉ္စဝဂ္ဂီငါးဦး"တို့အား ဝါဆိုလပြည့်နေ့က တရားအလင်းရောင် "မဇ္ဈိမပဋိပဒါ"ကို ထွန်းပြဟောတော်မူခဲ့သည်မှာ ယခုဘဝ၌သော်လည်းကောင်း၊ နောင်ဘဝ၌သော်လည်းကောင်း ဘဝချမ်းသာ လောကီစည်းစိမ်များကို ရစေနိုင်ရန် ထွန်းပြဟောကြားခဲ့သည်မဟုတ်ဘဲ လောကုတ္တရာချမ်းသာကို ရရန် လောကုတ္တရာချမ်းသာသို့ ပို့ဆောင်နိုင်သော တစ်ခုတည်း၊ တစ်ကြောင်းတည်း၊ တစ်ရောင်တည်းသော ဓမ္မနည်းလမ်းစဉ်အဖြစ်ဖြင့် ဟောကြားခဲ့ခြင်းဖြစ်ပေသည်။

ဤ"ဓမ္မစက္ကပဝတ္တနသုတ္တန်" ဒေသနာ၏ အစပိုင်း၌ ပဉ္စဝဂ္ဂီငါးဦးတို့၏ အယူမှားကို ပယ်ဖျက်ပြီးလျှင် တရားစစ်၏ အခြေခံသစ္စာလေးပါးကို အကျယ်ရှင်းလင်း ဟောပြတော်မူ၏။ ထိုသစ္စာလေးပါးမှာ–ဆင်းရဲအမှန်ဟူသော **"ဒုက္ခသစ္စာ"**၊ ဆင်းရဲဖြစ်ကြောင်း အမှန်ဟူသော **"သမုဒယသစ္စာ"**၊ ဆင်းရဲချုပ်ငြိမ်းရာ အမှန်ဟူသော **"နိရောဓသစ္စာ"**၊ ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အမှန်ဟူသော **"မဂ္ဂသစ္စာ"** ဟူသော ဤလေးပါးတည်း။ ဤသစ္စာလေးပါး မြတ်တရားကို လက်တွေ့ဆိုက်ရောက် မျက်မှောက်ပြုရမည့် တရားများဖြစ်ကြောင်းကို ဂရုပြုမှတ်သားရမည်ဖြစ်ပေသည်။

ဤသစ္စာလေးပါး မြတ်တရား၌ ဆင်းရဲကို အရင်းခံထား၍ ဟောကြားတော်မူသော်လည်း ဆင်းရဲမှ လွတ်မြောက်ရာကိုလည်း ဟောပြလျက်ရှိ၏။ ဆင်းရဲကို မည်သူမျှ အလိုမရှိ၊ ချမ်းသာကိုသာ လိုချင်ကြ၏။ သို့ရာတွင် ခံစားမှုဝေဒနာကို စွဲ၍ဖြစ်သော ချမ်းသာမျိုးသည် တည်မြဲသော ချမ်းသာမျိုးမဟုတ်ချေ။ ခံစားမှုနှင့် စပ်သော ချမ်းသာမျိုး၏ မမြဲပုံမှာ ကျွန်ုပ်တို့၏ ကိုယ်တွေ့ပင်ဖြစ်၍ ထင်ရှားလှ၏။ ရှင်တော်မြတ်ဘုရား၏ တရားတော်အလို နိဗ္ဗာန်ချမ်းသာဟူသည် ဒုက္ခအားလုံး အကြွင်းမဲ့ ချုပ်ငြိမ်းမှုဖြစ်၏။ ဒုတိယဖြစ်သော **"သမုဒယသစ္စာ"** ၌ ဝေဖန်၍ ပြသော **"ပေါနောဗ္ဘဝိကာ"**ဟူသော စကားအရ တစ်ဖန်ဘဝသစ်ကို ပေးတတ်၏ဟု အဓိပ္ပာယ်ရရာ သတ္တဝါတို့အား နောင်ဘဝရှိကြောင်း ဘုရားရှင် ဟောတော်မူခြင်းဖြစ်သည်။ ဤသုတ္တန်ဒေသနာ၏ အလယ်ပိုင်း၌ ရှေးကမကြား စဖူးသော တရားတို့၌ ဉာဏ်အလင်းဖြစ်ပေါ်လာကြောင်း ဟောတော်မူ၏။ ထို့အတူပင် ထိုသစ္စာတို့နှင့် စပ်လျဉ်း၍ **"သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်"** သုံးပါးဖြစ်ပုံနှင့် တစ်ဆယ့်နှစ်ပါးသော အခြင်းအရာတို့ကို အကျယ်ခွဲခြားပြတော်မူသည်။ သစ္စာလေးပါးတို့တွင်–

"ဒုက္ခသစ္စာ"ကို မဂ်ဉာဏ်ဖြင့် ပိုင်းခြားသိရမည်။

"သမုဒယသစ္စာ"ကို မဂ်ဉာဏ်ဖြင့် ပယ်ပစ်ရမည်။

"နိရောဓသစ္စာ"ကို မဂ်ဉာဏ်ဖြင့် ဆိုက်ရောက် မျက်မှောက်ပြုရမည်။

"မဂ္ဂသစ္စာ"ကို ပွားများရမည်။

ဤသစ္စာလေးပါးနှင့် စပ်လျဉ်း၍ မြတ်ဗုဒ္ဓသည် ရှင်းရှင်းလင်းလင်း အသိဉာဏ်မဖြစ်ပေါ်သေးသမျှ "သမ္မာသမ္ဗောဓိဉာဏ်"ကို ရရှိကြောင်း လောက၌ ဟောပြတော်မမူ။ သစ္စာလေးပါးကို ရှင်းရှင်းလင်းလင်းပြည့်ပြည့်စုံစုံ သိမြင်တော်မူသော အခါကျမှ "သမ္မာသမ္ဗောဓိဉာဏ်"ကို ရရှိတော်မူကြောင်း ဟောပြတော်မူ၏ဟု သုတ္တန်အဆုံး၌ မိန့်တော်မူ၏။ "ဤကား–ငါ၏ အဆုံးစွန်သော ဘဝတည်း၊ နောင်တစ်ဖန် ဖြစ်ပေါ်ခြင်းမရှိ"ဟု အဆုံးသတ်ဘဝအဖြစ်ကို ထင်ရှားစွာ ပြတော်မူပြီးလျှင် ဤ **"တရားဦးဒေသနာဓမ္မစကြာ"** တရားတော်ကို ပြီးဆုံးစေတော်မူသည်။

ဓမ္မစကြာတရားတော်၏ အဆုံး၌ "ပဉ္စဝဂ္ဂီငါးဦး"မှ အရှင်ကောဏ္ဍည မထေရ်သည် ရှေးဦးစွာ သောတာပန်ဖြစ်လေသည်။ တရားအလင်းရောင်၏ အကြည်ဓာတ်ကိုခံယူရန် လာရောက်ကြသော သိန်းသန်း မက များလှစွာသော နတ်၊ ဗြဟ္မာတို့သည် ကောင်းချီးနမော် "သာဓု" ခေါ်ဆို ကြလေကုန်သည်။ ဗြဟ္မာပေါင်း ၁၈ကုဋေနှင့် နတ်တွေ မရေမတွက်နိုင်အောင် မြားမြောင်လှစွာ အကျွတ်တရားရကြလေသည်။ ဤသုတ္တန်သည် အကျွတ်တရား အများဆုံးရသော သုတ္တန်ဒေသနာများတွင် ပါဝင်သည်။ အကျွတ်တရားများစွာရသော သုတ္တန်ဒေသနာတော်များမှာ–**ဓမ္မစကြာသုတ်၊ မဟာသမယသုတ်၊ မင်္ဂလသုတ်၊ သမစိတ္တသုတ်၊ ရာဟုလောဝါဒသုတ်၊ ပရာဘဝသုတ်...တို့ ဖြစ်သည်။**

ဤသို့ဖြင့် ပွင့်တော်မူကြသော မြတ်စွာဘုရားရှင်တိုင်း ဦးဦးဖျားဖျား ဟောကြားတော်မူသော **"ဓမ္မစက္ကပဝတ္တနသုတ္တန်"** ဒေသနာတော်မြတ်ကို ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် နှုတ်တက်အာဂုံအရဆောင်ကြပြီးလျှင် အမြဲမပြတ် ရွတ်ဆိုပူဇော်ပွားများ အားထုတ်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ရပါတော့သည်။ ။

သဗ္ဗညုတဉာဏ်တော်ဖြင့် အထူးရှာဖွေ၍ရသော နိဗ္ဗာန်ချမ်းသာရကြောင်း၊ ဉာဏ်မျက်စိကို ပြုပေးတတ်သော အကျင့်မြတ်တရား အလင်းရောင်ကိုလည်း ထွန်းလင်းပြတော်မူသည်။ ဤသို့ ထွန်းလင်းပြတော်မူသော ထိုအလင်းရောင်သည် ကိလေသာငြိမ်းရန်၊ စင်ကြယ်သော ဉာဏ်အမြင်ရရန်၊ အမှန်ကိုထိုးထွင်းသိရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တရားအလင်းရောင်ဖြစ်၍ ယင်း၏အမည်မှာ **"မဇ္ဈိမပဋိပဒါ"**ဟု တွင်လေသည်။

ဆက်ကပ်

၂၀၀၄-၂၀၀၅ ပညာသင်နှစ် အထက (၁) ကွမ်းခြံကုန်းမြို့ မိသားစု၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၃ရက်က ကျောင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးရွှေသိန်းနှင့် အဖွဲ့က ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အထက(၂)အင်းစိန်၏ မိုးသောက်ရောင်ခြည် စာကြည့်တိုက် ဖွင့်ပွဲကို ဇူလိုင် ၂၇ရက်က ကျောင်းပရာ ခရိုင်ပညာရေးမှူး ဦးရန်နောင်၊ ခရိုင်ပြန်/ဆက် ဦးစီးမှူး ဦးတင်မောင်လွင်၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသိန်းဇော်နှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်သိန်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ဝန်ကြီးဗိုလ်ချုပ်တင်ထွတ် ရေအားလျှပ်စစ်စီမံကိန်းများ စစ်ဆေး လုပ်ငန်းများသတ်မှတ်ကာလထက်စောပြီးစီးရေးဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဇူလိုင် ၂၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် လျှပ်စစ်စွမ်းအားဦးစီးဌာန၊ ရေအားလျှပ်စစ် ဦးစီးဌာနနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့ရှိ မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိရာ ဓာတ်အားပေးစက်ရုံရှိ ဓာတ်အား ထိန်းချုပ်ခန်း၊ ဓာတ်အားပေးစက်များ တပ်ဆင်ပြီးစီးမှုအခြေအနေ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ ဆက်သွယ်ဆောင် ရွက်ပြီးစီးမှု၊ ရေယူဥမင်အတွက် တည်ဆောက်မှုလုပ်ငန်း၊ ရေပိုလွှဲမှ ရေများထုတ်လုပ်မှုအခြေအနေ၊ ဖိအားလျှော့ ရေလှျံထိန်းစည် တည်ဆောက်မှုလုပ်ငန်း၊ ရေယူအဆောက်အအုံနှင့် ရေသိုလှောင်စုဆောင်းထားရှိမှုအခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၂၅ ရက်တွင် ပုပ္ပားမြို့၊ ငရုံ့ကုန်း ရွာအနီးရှိ ပုပ္ပား ပိုဇိုလန်စက်ရုံ တည်ဆောက်ရေးနှင့် သဘာဝပိုဇိုလန် ထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိကာ စက်ရုံတည်ဆောက်ပြီးစီးမှု အခြေအနေ၊ ပိုဇိုလန်ထုတ်လုပ်မည့် နေရာ၊ တူးဖော်ထားရှိသည့် ပိုဇိုလန်ကုန်ကြမ်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့သည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၂၆ ရက်တွင် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး မြေအောက် ဓာတ်အားပေးစက်ရုံတွင် စက်များတပ်ဆင်ပြီးစီးမှု၊ ဓာတ်အား ထိန်းချုပ်ခန်း**(အပေါ်ပုံ)**၊ ရေပိုလွှဲလုပ်ငန်း ဆောင်ရွက်မှု၊ ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှု၊ တမံမြေဖို့ခြင်း လုပ်ငန်းများ၊ ရေလွှဲဥမင်မှ ပိုလျှံသော ရေများထုတ်လွှတ်မှု အခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၂၇ ရက်တွင် ပဲခူးတိုင်း ဖြူးမြို့နယ်အတွင်းရှိ ကွန်းချောင်းရေအား လျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းတွင် ရေလှျံထိန်းစည် တည်ဆောက်မှုလုပ်ငန်း၊ ဖိအားမြှင့်ပိုက်လိုင်း တပ်ဆင်ရန်အတွက် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆွေးနွေးမှာကြား

ထိုသို့ လုပ်ငန်းများ လှည့်လည် ကြည့်ရှုစစ်ဆေးရာ၌ ဝန်ကြီးက စီမံကိန်းများမှ တာဝန်ရှိသူများအား လုပ်ငန်းများကို သတ်မှတ်ကာလထက် စော၍ ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ လုပ်ငန်းသုံးယာဉ်နှင့် စက်ယန္တရားများကို စနစ်တကျကိုင်တွယ် မောင်းနှင်ရေး၊ မိုးရာသီတွင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်ရေး၊ အလေအလွင့် ထိန်းသိမ်းရေး၊ ခြိုးခြံချွေတာရေး၊ စက်များတပ်ဆင်ရာတွင် အပိုင်းလိုက် မှန်ကန်စွာတပ်ဆင်ရေး၊ ဌာနအချင်းချင်း၊ ဝန်ထမ်းအချင်းချင်း ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးတို့ကို ဆွေးနွေးမှာကြားပြီးနောက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်မြင်တိုင် ကျောင်းကြီးတိုက် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၉

ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်းရှိ ကျောင်းပေါင်း ၁၄ ကျောင်းတွင် သီတင်းသုံးတော်မူလျက်ရှိသော သံဃာတော်အရှင်သူမြတ်တို့အား နှစ်စဉ် ကျင်းပမြဲဖြစ်သော ကျောင်းကြီးတိုက် ဓာတ်မီးပူဇော်ရေးနှင့် ဝေယျာဝစ္စအသင်းမှ ကြီးမှူး၍ (၄၃)ကြိမ်မြောက် စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် (ဩဂုတ် ၁ ရက်) ညနေ ၄ နာရီမှစ၍ မဟာပုညောပကာရ ဓမ္မာရုံကျောင်းကြီးတိုက်တွင် ကျင်းပမည် ဖြစ်သည်။ **(က–ပ)**

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ဗဟန်းမြို့နယ် ဗိုလ်ချို (၂)ရပ်ကွက် အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်း၏ အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၈ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်မြိုင်နှင့် ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများ သိမ်ကုန်းကျောင်းတိုက်မှ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းကြစဉ်။ (က–ပ)

သစ်ထုတ်လုပ်ငန်းနှင့် သစ်အခြေခံတန်ဖိုးမြှင့်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရာတွင် နိုင်ငံတော်နှင့်မိမိအကျိုးစီးပွား မျှတစွာထားရှိ

ရန်ကုန် ဇူလိုင် ၂၉

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်းရုံးချုပ် တင်ဒါခန်းမတွင်ပြုလုပ်သော သစ်ထုတ်လုပ်ခြင်း၊ သစ်အခြေခံ တန်ဖိုးမြှင့်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။ (အောက်ပုံ)

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကားပြောကြားရာတွင် သစ်ထုတ်လုပ်ငန်းနှင့် သစ်အခြေခံ တန်ဖိုးမြှင့်ပစ္စည်း တိုးမြှင့်ထုတ်လုပ်ခြင်းများ ဆောင်ရွက်ကြရာတွင် နိုင်ငံတော်အကျိုးစီးပွားနှင့် မိမိအကျိုးစီးပွား မျှတစွာထားရှိရေး၊ ဝန်ကြီးဌာနမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား တိကျစွာ လိုက်နာဆောင်ရွက်သွားရေး၊ သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်စေရေး၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားမှုများ၊ တန်ဖိုးမြှင့်ပစ္စည်းများ ပြည်ပဈေးကွက် ခိုင်ခိုင်မာမာရရှိရေး၊ ပြည်ပ ဝင်ငွေတိုးတက်ရရှိရေး၊ လုပ်ငန်းများအား ရိုးရိုးသားသား ဆောင်ရွက်ကြရေးတို့နှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းမှာကြားသည်။ ထို့နောက် တက်ရောက်လာသော လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်မှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

‘ဝ’ဒေသရှိ သံဃာတော်အရှင်သူမြတ်များအား သတ္တမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော ရှမ်းပြည်နယ် (မြောက်ပိုင်း) ‘ဝ’ဒေသရှိ သံဃာတော်အရှင်သူမြတ်များအား သတ္တမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက်က ပန်ဆန်းမြို့ မဟာပံသုသိင်္ဂီ စေတီရင်ပြင်တော်ရှိ ဓမ္မာရုံ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း တက်ရောက်၍ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ‘ဝ’တိုင်းရင်းသားခေါင်းဆောင်များက သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် တန့်ယန်းမြို့ ကိုင်းကုန်းပရိယတ္တိစာသင်တိုက် ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကုသလထံမှ အနုမောဒနာတရားတော်နှင့် ရေစက်ချတရားတော် နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်း ဝါဆိုသင်္ကန်း စုပေါင်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီက ‘ဝ’ဒေသရှိ သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်း စုစုပေါင်း ၁၁၃၅ စုံ၊ ထီး ၈၅ လက်၊ သံသပိတ်အလုံး ၅၀၊ ဖိနပ် ၁၁၃၅ ရံနှင့် သီလရှင်ဝတ်စုံ ၁၈၅ စုံတို့ကို လှူဒါန်းပြီး လှူဖွယ်ပစ္စည်း အစုစုတို့၏ စုစုပေါင်းတန်ဖိုးငွေမှာ ကျပ် ၆၅၆၇၅၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၃၀–၇–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀ ၅။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၄း၃၅ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀ ၇။ မျိုးချစ်တပ်မတော်
၄း၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၁၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
Plate Tectonic
(တတိယနှစ်–ပထဝီဝင်အထူးပြု)
၅း၄၀ ၁၀။ ပညာခေတ်
၅း၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၆။ မြန်မာ့ရှုခင်း
၆း၄၀ ၁၇။ လျှပ်တစ်ပြက်
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်”** (အပိုင်း–၁၀)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား”** (ဒုတိယတွဲ) (အပိုင်း–၂)

ဇူလိုင် ၇ ရက်က ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက် ရွှေတိုင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်နှင့် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲကျင်းပရာ ကြည့်မြင်တိုင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက် လက်ထောက်(၃)ဒေါ်ခင်သန်းလှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

● ***ကျောဖုံးမှ***

အုပ်စု(က)မှ အိမ်ရှင် ဧရာဝတီတိုင်းအသင်း အုပ်စုတက်ရန်သေချာသွားပြီဖြစ်သည်။ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ဩဂုတ် ၁ ရက်အထိ ဆက်လက် ကျင်းပလျက်ရှိသည်။

အုပ်စု(က)

အုပ်စု(က)တွင် အိမ်ရှင် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် လက်ရှိချန်ပီယံ မန္တလေးတိုင်းတို့ ပါဝင်ကြသည်။ အုပ်စု(က) ပွဲစဉ်များကို ပုသိမ်မြို့ ကျောက်တိုင်အားကစားပြိုင်ကွင်း၌ ကျင်းပရာ ဇူလိုင်၂၄ရက် ပွဲဦးထွက် ပွဲစဉ်တွင် အိမ်ရှင်ဧရာဝတီတိုင်းအသင်းက လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ဧရာဝတီတိုင်းအသင်းမှ ကျော်လွင်အောင်က ရရှိသည်။

ဇူလိုင် ၂၅ ရက်ပွဲစဉ်တွင် ချင်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ချင်းပြည်နယ်အသင်းမှ စိုင်းကျော်တင့်က ရရှိသည်။ ဇူလိုင် ၂၆ရက်တွင် ပွဲမရှိဘဲ ဇူလိုင်၂၇ရက်၌ ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းအသင်းက ချင်းပြည်နယ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ဧရာဝတီတိုင်းအသင်းမှ ဆန်းထိုက်အောင်ကရရှိသည်။ ဇူလိုင် ၂၈ ရက်ပွဲစဉ်တွင် မန္တလေးတိုင်းအသင်းက ရခိုင်ပြည်နယ်အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို မန္တလေးတိုင်းမှ တင်ဇော်မိုးက ဆွတ်ခူးရရှိသည်။

ဇူလိုင် ၂၈ ရက်ပွဲစဉ်များ ပြီးဆုံးသွားချိန်တွင် အုပ်စု(က)၌ ဧရာဝတီတိုင်းက နှစ်ပွဲနိုင်(၆)မှတ်ဖြင့် ဦးဆောင်လျက်ရှိသည်။ မန္တလေးတိုင်းက တစ်ပွဲနိုင် တစ်ပွဲရှုံး(၃)မှတ်၊ ချင်းပြည်နယ်ကတစ်ပွဲနိုင် တစ်ပွဲရှုံး (၃)မှတ်ရရှိထားသည်။ ရခိုင်ပြည်နယ်အသင်းက နှစ်ပွဲရှုံး အမှတ်မရသေးဘဲ အုပ်စုမှထွက်ရန် သေချာသွားပြီဖြစ်သည်။

လက်ကျန်ပွဲစဉ်များအဖြစ် ဇူလိုင် ၃၀ ရက်တွင် ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်၊ ဇူလိုင် ၃၁ ရက်တွင် ချင်းပြည်နယ်နှင့်မန္တလေးတိုင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ ဧရာဝတီတိုင်းအသင်းက လက်ကျန်ပွဲစဉ်၌ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ အုပ်စုတက်ရန် သေချာနေပြီဖြစ်သည်။ မန္တလေးတိုင်းနှင့် ချင်းပြည်နယ်ပွဲစဉ်မှ အုပ်စုတက်ရေးအဆုံးအဖြတ်ပွဲဖြစ်ရာ အနိုင်ရသူ ကွာတားဖိုင်နယ်တက်ရမည်ဖြစ်ပြီး သရေကျလျှင် မန္တလေးတိုင်း ဂိုးကွာခြားချက်အရ ကွာတားဖိုင်နယ် တက်ခွင့်ရမည်ဖြစ်သည်။

အုပ်စု(ခ)

အုပ်စု(ခ)တွင် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့ပါဝင်ပြီး မြောင်းမြမြို့၌ ယှဉ်ပြိုင်ကစားရမည်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အသင်း လာရောက်ယှဉ်ပြိုင်နိုင်ခြင်း မရှိ၍ အနောက်တောင်တိုင်း စစ်ဌာနချုပ်လူငယ်အသင်းအစား ထိုး၍ယှဉ်ပြိုင်ခဲ့သည်။ ဇူလိုင်၂၅ရက် အုပ်စု ပွဲဦးထွက် ပွဲစဉ်၌ ရန်ကုန်တိုင်းအသင်းက အနောက်တောင်တိုင်း စစ်ဌာနချုပ် လူငယ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ရန်ကုန်တိုင်းမှ သန့်ဇင်က ဆွတ်ခူးသွားသည်။

ဇူလိုင် ၂၆ ရက်ပွဲစဉ်တွင် ပဲခူးတိုင်းအသင်းက မကွေးတိုင်းအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပွဲစဉ်အလိုက်အကောင်းဆုံးကို ပဲခူးတိုင်းအသင်းမှ လင်းနိုင်လင်းက ရရှိသည်။ ဇူလိုင် ၂၇ ရက်တွင် ပွဲမရှိဘဲ ဇူလိုင် ၂၈ရက်၌ ဆက်လက်ကျင်းပရာ မကွေးတိုင်းအသင်းက ရန်ကုန်တိုင်း အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို မကွေးတိုင်းမှ လှိုင်မင်းအောင်က ရရှိသည်။

ဇူလိုင် ၂၈ရက် ပွဲစဉ်များအပြီးတွင် အုပ်စု(ခ)၌ ရန်ကုန်တိုင်း အသင်းက တစ်ပွဲနိုင် တစ်ပွဲရှုံး(၃)မှတ်၊ ပဲခူးတိုင်းအသင်းကတစ်ပွဲနိုင် (၃)မှတ်၊ မကွေးတိုင်းအသင်းက တစ်ပွဲနိုင်တစ်ပွဲရှုံး(၃) မှတ်ရရှိထားပြီး အနောက်တောင်တိုင်း စစ်ဌာနချုပ် လူငယ်အသင်းက တစ်ပွဲရှုံး အမှတ်မရသေးပေ။

လက်ကျန်ပွဲစဉ်များအဖြစ် ဇူလိုင် ၂၉ ရက် တွင် အနောက်တောင် တိုင်း စစ်ဌာနချုပ်လူငယ်အသင်းနှင့် ပဲခူးတိုင်းအသင်း၊ ဇူလိုင် ၃၁ ရက်တွင် ရန်ကုန်တိုင်း အသင်းနှင့် ပဲခူးတိုင်းအသင်း၊ ဩဂုတ် ၁ ရက်တွင် မကွေးတိုင်းအသင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်လူငယ်အသင်းတို့ ယှဉ်ပြိုင်ရန်ရှိသည်။

အုပ်စု(ဂ)

အုပ်စု (ဂ)တွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ ပါဝင်ကြပြီး ဟင်္သာတမြို့၌ ယှဉ်ပြိုင်ကစားရမည်။ ဇူလိုင်၂၅ ရက် အုပ်စု ပွဲဦးထွက်ပွဲစဉ်၌ မွန်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို မွန်ပြည်နယ်အသင်းမှ ထွန်းကျော်က ရရှိသည်။

ဇူလိုင် ၂၆ ရက်ပွဲစဉ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းက ကရင်ပြည်နယ်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မျိုးသက်အောင်က ရရှိသည်။ ဇူလိုင် ၂၇ ရက်တွင် ပွဲမရှိဘဲ၊ ဇူလိုင် ၂၈ ရက်ပွဲစဉ်၌ မွန်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ တစ်ဂိုးစီသရေပွဲဖြစ်သွားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ကရင်ပြည်နယ်အသင်းမှကျော်ဆန်းဝင်းက ရရှိသည်။

ဇူလိုင် ၂၈ ရက်ပွဲစဉ်များ ပြီးဆုံးသွားချိန်တွင် အုပ်စု(ဂ)၌ မွန်ပြည်နယ်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ (၄)မှတ်ဖြင့် အုပ်စုကို ဦးဆောင်လျက်ရှိသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက တစ်ပွဲနိုင် သုံးမှတ်၊ ကရင်ပြည်နယ်အသင်းကတစ်ပွဲသရေ တစ်ပွဲရှုံး တစ်မှတ်ရရှိထားပြီး ကယားပြည်နယ်အသင်းက တစ်ပွဲရှုံး အမှတ်မရသေးပေ။

လက်ကျန်ပွဲစဉ်များအဖြစ် ဇူလိုင် ၂၉ ရက်တွင် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့ ကစားခဲ့ပြီး ဇူလိုင် ၃၁ ရက်တွင် မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဩဂုတ် ၁ ရက်တွင် ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ ယှဉ်ပြိုင်ရန်ရှိသည်။

အုပ်စု (ဃ)

အုပ်စု (ဃ)တွင်ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ တနင်္သာရီတိုင်း၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့ပါဝင်ကြပြီး မအူပင်မြို့၌ ယှဉ်ပြိုင်ကစားရသည်။ ဇူလိုင် ၂၅ ရက်အုပ်စုပွဲဦးထွက်ပွဲစဉ်၌ စစ်ကိုင်းတိုင်းအသင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း)အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို စစ်ကိုင်းတိုင်းအသင်းမှ တွမ်နယ်မန်းကရရှိသည်။

ဇူလိုင်၂၆ရက်ပွဲစဉ်တွင် တနင်္သာရီတိုင်းအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ နှစ်ဂိုးစီသရေပွဲဖြစ်သွားသည်။ ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို ကချင်ပြည်နယ်မှ သန်းနိုင်ကရရှိသည်။ ဇူလိုင်၂၇ရက်တွင် ပွဲမရှိဘဲ ဇူလိုင် ၂၈ ရက်ပွဲစဉ်၌ ကချင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းမှ ဖြိုးမင်းသန့်ကရရှိသည်။

ဇူလိုင် ၂၈ ရက်ပွဲစဉ်များအပြီးတွင် အုပ်စု(ဃ)၌ ကချင်ပြည်နယ်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ (၄)မှတ်ဖြင့် ဦးဆောင်လျက်ရှိသည်။ စစ်ကိုင်းတိုင်းအသင်းက တစ်ပွဲနိုင်(၃)မှတ်၊ တနင်္သာရီတိုင်းအသင်းက တစ်ပွဲသရေ (၁)မှတ်ရရှိထားပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းက နှစ်ပွဲရှုံး အမှတ်မရသေးပေ။

လက်ကျန်ပွဲစဉ်များအဖြစ် ဇူလိုင် ၂၉ရက်တွင် စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းကစားခဲ့ပြီး ဇူလိုင် ၃၁ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် တနင်္သာရီတိုင်း၊ ဩဂုတ် ၁ ရက်တွင် ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းတို့ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ငွေသားဆု

နောက်ဆုံးဗိုလ်လုပွဲအပြီးတွင် ငွေသားဆုများချီးမြှင့်မည်ဖြစ်ရာ ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆုငွေကျပ်သုံးသိန်း၊ ပူးတွဲတတိယ ဆုငွေကျပ်နှစ်သိန်း၊ အသန့်ရှင်းဆုံးအသင်းဆုငွေကျပ်ငါးသောင်းသတ်မှတ်ထားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုအဖြစ် ငွေကျပ်ငါးထောင်ချီမြှင့်ပြီး ပွဲတစ်ပွဲ ကစားပြီးတိုင်း တစ်သင်းလျှင်ငွေကျပ်တစ်သောင်းနှုန်းစီပေးအပ်ကြောင်း ဘောလုံးဝါသနာရှင်များအား သတင်းစကား ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ယောက်ဖတော်ခါနီးရင် စဉ်းစားဖို့လိုတယ်ဇာတ်ကားရုံဝင် ပြသဆဲဇာတ်ကားများ ဆက်လက်အောင်ပွဲခံပြသလျက်ရှိ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဇူလိုင် ၂၉

ယခုသောကြာ ရုပ်ရှင်ပတ်တွင် ကျော်ဝေ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) ရိုက်ကူးပြီး ရန်အောင်၊ လွင်မိုး၊ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗိုနှင့် နန္ဒာလှိုင်တို့ ပါဝင်သရုပ်ဆောင်ထားသော **'ယောက်ဖ တော်ခါနီးရင် စဉ်းစားဖို့လိုတယ်'** ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့၌ တစ်ပြိုင်တည်း ရုံဝင်လာသည်။

ဤဇာတ်ကားတွင် ယောက်ဖ အပေါ်နားလည်မှုရှိသူများအကြောင်း၊ ချောက်ချတတ်သူများအကြောင်းနှင့် ကြောက်ရသူများ အကြောင်းကို စုစည်းပြီး ဇာတ်အိမ်ဖွဲ့ကာ ပျော်ရွှင်ဖွယ်ရသကို ပေးစွမ်းနိုင်အောင် သရုပ်ဆောင်များက သူ့စရိုက်နှင့်သူ ပီပြင်စွာ ဟာသနှော၍ ရိုက်ကူးထားသည်။

ပရိသတ်များ တဝါးဝါး တဟားဟားဖြင့် ပါးစပ်မပိတ်ရအောင် ရယ်မောပျော်ရွှင်မှု ခံစားရမည့် ကားကောင်းတစ်ကားဖြစ်သည်။

အမျိုးသားရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာကျော်သူ ရိုက်ကူးပြီး ကျော်သူ၊မင်းမော်ကွန်း၊ထွန်းအိန္ဒြာဗို၊ ဆုပန်ထွာနှင့် ချိုပြုံးတို့ ပါဝင်ထားသော **'အမေ့နို့ဖိုး'** ဇာတ်ကား ရှေ့ဆောင်၊ နေပြည်တော်၊ နဝဒေးရုံများတွင် ဆက်လက်အောင်ပွဲခံ ပြသလျက်ရှိသည်။

ယောက်ဖတော်ခါနီးရင် စဉ်းစားဖို့လိုတယ် ဇာတ်ကားမှ ရန်အောင်နှင့် ရာဇာနေဝင်းတို့ ဇာတ်ဝင်ခန်း။

ဒါရိုက်တာ Tarachand Barjatya ရိုက်ကူးပြီး Hrithik Roshan, Kareeaa Kapoor, Abhishek Bachchan တို့ ပါဝင်ထားသော Main Prem Ki Diwani Hoon ဘုရင်ရုံတွင် ရုံဝင်လာသည်။

ဤဇာတ်ကားတွင် Sanjana (Kareeaa Kapoor)ကို သူဌေးသား Prem(Abhishek Bachchan)နှင့် နေရာချထားဖို့ စီစဉ်ထားသည်။ ဦးစွာ အစီအစဉ်ပြုလုပ်ရန် မွေးစားသား Prem(Hrithik Roshan)လွှတ်လိုက်ရာ လူမှားပြီး မိန်းကလေးရှင်ဘက်က နီးစပ်အောင် ကြိုးစားသဖြင့် မေတ္တာမျှသွားကြသည်။ သူဌေးသား Prem သည် Sanjana ကို မြင်မြင်ချင်း စွဲလမ်းသွားသည်။ စာနာထောက်ထားရမည့် ကျေးဇူးတရားရှိသဖြင့် မွေးစားသား Prem တစ်ယောက် အချစ်ကို ရယူဖို့ထက် အနစ်နာခံဖို့ အလေးသာခဲ့ရပေသည်။ သို့သော် မချစ်မနှစ်သက်တဲ့သူနှင့် ပေါင်းသင်းရသည့်ဒုက္ခကို Sanjana ခံစားနိုင်မည်လားဆိုသည့် သုံးပွင့်ဆိုင် အချစ်အားပြိုင်ပွဲကို ဆက်လက်ရှုစားကြစေလိုသည်။

ဒါရိုက်တာ Ringo Lam ရိုက်ကူးပြီး Jean-claude Vandamme, Natasha Henstrialge, Jean hugues Anglade တို့ပါဝင်ထားသော Maximum Risk ဇာတ်ကားတွင် မိဘများ ဆင်းရဲနွမ်းပါးသဖြင့် ညီအစ်ကို နှစ်ဦး လူမမယ်ကလေးဘဝမှစ၍ ကွဲကွာခဲ့ပြီး ဒုစရိုက်သမားများ၏ အသုံးချ ခံခဲ့ရသော အစ်ကိုအတွက် ကလဲ့စားချေဖို့ ဒုစရိုက်ဂိုဏ်းကို လိုက်လံဖြိုခွင်းသည့် အက်ရှင်ဇာတ်ကားကို ရွှေဂုန်ရုံတွင် ပြသလျက်ရှိသည်။

မြို့မ ရုပ်ရှင်ရုံတွင် နာမည်ကျော် သရုပ်ဆောင်မင်းသား ဆွန်နီရှယ်သီး၊ အရှေကူးမာရ်းတို့ ပါဝင်ထားသည့် Awara Paagal Deewana စိန်အရုပ်တော်ပုံဇာတ်ကား ပြသလျက်ရှိသည်။ ။

(မြန်မာ့အလင်း)

* ***ကျောဖုံးမှ***

မြန်မာနိုင်ငံက ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ် နှစ်ခု၊ကြေးတံဆိပ်တစ်ခု စုစုပေါင်း ဆုတံဆိပ် ခြောက်ခု နိုင်ငံအတွက် ရယူပေးလိုက်နိုင်သည်။အမျိုးသမီးပြိုင်ပွဲ အနုတ်၄၅ ကီလိုတန်းပြိုင်ပွဲတွင် နွယ်နွယ်သန်း (စက်မှု-၁) က ရွှေတံဆိပ်တစ်ခု၊ အနုတ် ၅၇ ကီလိုတန်းပြိုင်ပွဲတွင် အေးအေးသင်း (စက်မှု-၁)က ရွှေတံဆိပ်တစ်ခု၊အနုတ် ၆၃ ကီလိုတန်းပြိုင်ပွဲတွင် အေးအေးအောင်(စက်မှု-၁)က ရွှေတံဆိပ်တစ်ခု၊ အနုတ် ၅၂ ကီလိုတန်းပြိုင်ပွဲတွင် အေးအေးအောင်(သစ်တော)က ကြေးတံဆိပ်တစ်ခု စုစုပေါင်း ရွှေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ်တစ်ခု ရရှိသည်။

ရန်နိုင်စိုး (စက်မှု-၂) ငွေတံဆိပ်။

အောင်ထွန်းကျော်(သစ်တော)ငွေတံဆိပ်။

အမျိုးသားပြိုင်ပွဲ အနုတ် ၅၅ ကီလိုတန်းပြိုင်ပွဲတွင် အောင်ထွန်းကျော်(သစ်တော)က ငွေတံဆိပ် တစ်ခု၊ အနုတ် ၇၃ ကီလိုတန်းပြိုင်ပွဲတွင် ရန်နိုင်စိုး (စက်မှု-၂)က ငွေတံဆိပ် တစ်ခု စုစုပေါင်း ငွေတံဆိပ်နှစ်ခုကို ရရှိလိုက်နိုင် သည်။ မြန်မာ့ဂျူဒို အားကစားမောင်မယ်ခြောက်ဦး ပါဝင်ယှဉ်ပြိုင်ရာ ခြောက်ဦးစလုံး ဆုတံဆိပ်ချိတ်နိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာ၊ အိမ်ရှင်ဗီယက်နမ်မှနှစ်သင်း၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် စင်ကာပူနိုင်ငံမှ ပြိုင်ပွဲဝင်အသင်းပေါင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

ရွှေတံဆိပ်ရှင် နွယ်နွယ်သန်း (စက်မှု-၁)

အနုတ် ၄၅ကီလိုတန်း ရွှေတံဆိပ်ရှင် နွယ်နွယ်သန်း(စက်မှု-၁)သည် ၂၀၀၃ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် အငယ်တန်းဂျူဒိုပြိုင်ပွဲတွင် ငွေတံဆိပ်ကိုလည်းကောင်း၊ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဂျူဒိုပြိုင်ပွဲတွင် ငွေတံဆိပ်ကို လည်းကောင်း ရရှိခဲ့ပြီး ယခုပြိုင်ပွဲ အပါအဝင် နိုင်ငံတကာပြိုင်ပွဲများမှ ရွှေတစ်ခု၊ ငွေနှစ်ခုကို အမိနိုင်ငံအတွက် ဆွတ်ခူးပေးထားပြီ ဖြစ်သည်။

ရွှေတံဆိပ်ရှင် အေးအေးသင်း(စက်မှု-၁)

အနုတ် ၅၇ကီလိုတန်း ရွှေတံဆိပ်ရှင် အေးအေးသင်း (စက်မှု-၁)သည် ၂၀၀၀ပြည့်နှစ် ဗီယက်နမ် ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်ကို လည်းကောင်း၊ ၂၀၀၁ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပသည့် (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဂျူဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ ၂၀၀၃ ခုနှစ် ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဂျူဒိုပြိုင်ပွဲတွင် ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ယခုပွဲ အပါအဝင် သူမသည် နိုင်ငံတကာ ပြိုင်ပွဲများမှ စုစုပေါင်း ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ်တစ်ခု အမိနိုင်ငံ အတွက် ရယူပေးထားပြီဖြစ်သည်။

ရွှေတံဆိပ်ရှင် အေးအေးအောင်(စက်မှု-၁)

ရွှေတံဆိပ်ရှင် အေးအေးအောင် (စက်မှု-၁) သည် ၂၀၀၁ ခုနှစ် ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် အာရှဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲတွင် ကြေး တံဆိပ်တစ်ခု၊ ၂၀၀၃ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်နှင့် အကောင်းဆုံး အားကစားသမားဆုကို လည်းကောင်း၊ ၂၀၀၃ခုနှစ် ဗီယက်နမ်နိုင်ငံတွင်ကျင်းပသည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဂျူဒိုပြိုင်ပွဲတွင် ငွေတံဆိပ်ဆုကို ရရှိပြီး သူမသည် ယခုပွဲ အပါအဝင် နိုင်ငံတကာပြိုင်ပွဲများမှ စုစုပေါင်း ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခုကို နိုင်ငံတော်အတွက် ရယူပေးထားပြီးဖြစ်သည်။ ။

(မြန်မာ့အလင်း)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဇနီး ဒေါ်ကြည်ကြည်ဝင်းနှင့် ဧည့်ပရိသတ်များ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ သတ္တမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနမိသားစုများဝါဆိုသင်္ကန်းကပ်လှူ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီးတက်ရောက်၍ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၉

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ သတ္တမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မဟာဓမ္မရံသီအိမ်တော်တိုက်ရှိ ဒဂုံပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဒဂုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒ အမှူးပြုသော ဆရာတော်သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းနှင့်ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှဥက္ကဋ္ဌများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဒဂုံပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒက ငါးပါးသီလ ချီးမြှင့်တော်မူပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့က ဦးဆောင်၍ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒဂုံပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏာနန္ဒက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာ တရားဟောကြား ချီးမြှင့်တော်မူကာ ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော် အရှင်သူမြတ်များအား ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

❒ ကျောဖုံးမှ

ချန်ဒူးမြို့၌ ဥဇဘက်နှင့်ဘာရိန်း၊ပေကျင်းမြို့တွင် အိမ်ရှင်တရုတ်နှင့်အီရတ်တို့ ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။

ဂျပန်အုပ်စုပထမ

ဇူလိုင် ၂၈ရက်က အုပ်စု(ဃ)မှ အုပ်စုနောက်ဆုံးလက်ကျန်ပွဲအဖြစ် အိုမန်နှင့်ထိုင်း၊ ဂျပန်နှင့်အီရန်တို့ ယှဉ်ပြိုင်ကစားကြရာ အိုမန်က ထိုင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဂျပန်နှင့် အီရန်တို့ ဂိုးမရှိသရေကျခဲ့သဖြင့် အုပ်စု(ဃ)၌ ဂျပန်နှင့်အီရန်တို့ ကွာတားတက်ခဲ့ကြသည်။ ဂျပန်ကသုံးပွဲကစား၊ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ (၇)မှတ်ဖြင့် အုပ်စုပထမရကာ အီရန်က သုံးပွဲကစား၊ တစ်ပွဲနိုင်၊ နှစ်ပွဲသရေဖြင့် (၅)မှတ်ရပြီး အုပ်စုဒုတိယရရှိခဲ့သည်။

အိုမန်နှင့် ထိုင်းတို့ပွဲတွင် ပွဲစတင်သည်နှင့် အိုမန်တို့အနိုင်ရရှိရေး ထိုးဖောက်ကစားရာ ထိုင်းဘက်သို့ အချိန်အတော်များများဖိကစားနိုင်ပြီး ဂိုးသွင်းခွင့်များလည်းရရှိခဲ့သည်။ ထိုင်းကိုဂိုးပြတ်နိုင်ပြီး အီရန်က ဂျပန်ကို ရှုံးခဲ့လျှင်ဟူသော မျှော်လင့်ချက်ဖြင့် အိုမန်တို့ အစွမ်းကုန် တိုက်စစ်ဆင်ကစားခဲ့သည်။

အိုမန်အနိုင်ရ

ပွဲချိန် ၁၁မိနစ်တွင်အိုမန်တို့တိုက်စစ်ထိုးဖောက်လာမှုကို ထိုင်းနောက်ခံလူ ဖီဗတ်ချိုင်ချော့ဖျက်ထုတ်ရာမှ ဂိုးဝင်သွားဖြင့် အိုမန်တို့အဖွင့်ဂိုးရရှိသွားသည်။ ထိုင်းအသင်းတစ်ဂိုးပေးလိုက်ရသဖြင့် ပြန်လည်ထိုးဖောက်ကစားသော်လည်း ပွဲချိန် ၄၉ မိနစ်တွင် အိုမန်တိုက်စစ်မှူး အာမက်အလီက သွင်းယူခဲ့သဖြင့် အိုမန်တို့နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အရှေ့တောင်အာရှထိပ်သီး ထိုင်းအသင်းမှာ နှစ်သိမ့်ဂိုးမသွင်းနိုင်သည့်အပြင် လက်ဆောင်ဂိုးပါပေးလိုက်ရကာ အာရှဖလားပြိုင်ပွဲမှ နှုတ်ဆက်ထွက်ခွာခဲ့ရပြီဖြစ်သည်။ အိုမန်နှင့်ထိုင်းပွဲတွင် အကောင်းဆုံးဘောလုံးသမားဆုကို အိုမန်တိုက်စစ်မှူး အာမက်အလီကရရှိခဲ့သည်။

ဇူလိုင် ၂၈ ရက်က ဂျပန်နှင့်အီရန်တို့ပွဲတွင်လည်း နှစ်ပွဲနိုင် (၆)မှတ်ရနေ၍ ကွာတားတက်ရန်သေချာနေသော ဂျပန်က အီရန်ကိုမရှုံးအောင်ထိန်းကစားသွားခဲ့ပြီး အုပ်စုပထမနေရာယူခဲ့သည်။

အီရန် ဂျပန်သရေ

အီရန်အသင်းမှာ ဂျပန်တို့ကို ထိုးဖောက်ကစားနိုင်ပြီး ဂိုးသွင်းရန်အခွင့်အရေးများ ပိုမိုရရှိခဲ့သော်လည်း အီရန်တိုက်စစ်မှူး အလီဒါယီ၊ မက်ဒါဗီကီရာ၊ မိုဟာမက်အလာဗီတို့ အခွင့်အရေးကို ကောင်းစွာအသုံးမချနိုင်ခဲ့ပေ။ အလီဒါယီကန်သွင်းသည့် ဘောလုံးများကိုလည်း ဂျပန်ဂိုးသမား ကာဝါဂူချီက လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သဖြင့် အီရန်တို့ ဂိုးမရရှိဘဲဖြစ်ကာ သရေကျခဲ့ရခြင်းဖြစ်သည်။

ဂျပန်နှင့် အီရန်တို့ပွဲတွင် အကောင်းဆုံးဘောလုံးသမားဆုကို အီရန်မှ ကွင်းလယ်ကစားသမား အလီကာရီမီကရရှိသွားသည်။

တရုတ်နှင့်အီရတ်ပြိုင်မည်

အာရှဖလား ၂၀၀၄ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၃၀ရက်**(ယနေ့)**တွင် စတင်ကျင်းပမည်ဖြစ်ရာ ပထမပွဲစဉ်အဖြစ် ဥဇဘက်ကစ္စတန်နှင့်ဘာရိန်းတို့ တရုတ်နိုင်ငံ ချန်ဒူးမြို့စီချွမ်စပေါ့တ်စင်တာကွင်း၌ ကစားရမည်ဖြစ်ပြီး ဒုတိယပွဲစဉ်အဖြစ် ပေကျင်းမြို့ အလုပ်သမားအားကစားကွင်း၌ တရုတ်နှင့်အီရတ်တို့ ကစားကြရမည်ဖြစ်သည်။

ပေကျင်းမြို့တွင် ကျင်းပမည့် တရုတ်နှင့်အီရတ်တို့၏ ကွာတားပွဲအနေအထားမှာ တရုတ်သည်အုပ်စုပွဲစဉ်များ၌ ဘာရိန်းကိုနှစ်ဂိုးစီသရေကျကာ အင်ဒိုနီးရှားကို ငါးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ကာတာကို တစ်ဂိုး-ဂိုးမရှိနိုင်ခဲ့သဖြင့် သုံးပွဲကစား နှစ်ပွဲနိုင်တစ်ပွဲသရေဖြင့် (၇)မှတ်ရရှိကာ အုပ်စု(က)အုပ်စုဗိုလ်အဖြစ် ကွာတားတက်ရောက်ခဲ့ခြင်းဖြစ်သည်။

အိမ်ရှင်တရုတ်သည်အာရှဖလား ၂၀၀၄ အုပ်စုပွဲစဉ် သုံးပွဲကစားရာတွင် စုစုပေါင်း ရှစ်ဂိုးသွင်းပြီး နှစ်ဂိုးပြန်အသွင်းခံခဲ့ရသဖြင့် ကွာတားတက်ခဲ့သည့်အသင်းရှစ်သင်းတွင်ဂိုးအများဆုံး သွင်းနိုင်ခဲ့သည့်အသင်းလည်းဖြစ်သည်။

အနိုင်ကစားမည်

တရုတ်အသင်းရှေ့တန်း၊အလယ်တန်းနှင့်နောက်ခံလူများ ချိတ်ဆက်မိမိကစားနိုင်ပြီး ကြံသလိုဂိုးသွင်းနိုင် ကြသည်။ မိမိကွင်း၊ မိမိ ပရိသတ်ရှေ့တွင် အိမ်ရှင်ဟူသော အားကိုယူကာ အီရတ်ကို အနိုင်ကစားဖွယ်ရာ ရှိနေသည်။ တရုတ်အသင်းသည် အာရှဖလားပြိုင်ပွဲသမိုင်းတွင် ၁၉၇၆ခုနှစ်က တတိယ၊ ၁၉၈၄ခုနှစ်က ဒုတိယ၊ ၁၉၈၈ခုနှစ်က စတုတ္ထ၊၁၉၉၂ခုနှစ်က တတိယ၊ ၁၉၉၆ ခုနှစ် ကကွာတားဖိုင်နယ်နှင့် ၂၀၀၀ ပြည့်နှစ်ကတတိယရရှိခဲ့သည့်မှတ်တမ်းကောင်းများရှိနေရာ ယခုအာရှဖလား ၂၀၀၄တွင် အိမ်ရှင်ဟူသော အဆင့်အတန်းနှင့်အညီ အီရတ်ကို အနိုင်ကစားပြီးချန်ပီယံခရီးကို ဆက်လက်လျှောက်လှမ်းမည်ဖြစ်သည်။

တရုတ်နှင့် ကွာတားဖိုင်နယ်၌ ကစားရမည့်အီရတ်အသင်းသည်အာရှဖလားသမိုင်းတွင် ယခုနှစ်အပါဝင် သုံးကြိမ်ဆက်တိုက်ကွာတားတက်နိုင်ခဲ့သည့်အသင်းဖြစ်သည်။ အာရှတွင် ခြေအဆင့်အတန်းရှိသော အသင်းဖြစ်ပြီး အနောက်အာရှထိပ်သီးအသင်းလည်း ဖြစ်သည်။

အီရတ်အသင်းတွင် ရှေ့တန်း၌ ရာကက်ဖာဟန်၊ အီမက်မိုဟာမက်၊ ကူဆေးမူနီယာ၊ အဘူအယ်ဟိုင်တို့ ခြေစွမ်းပြလျက်ရှိပြီး ဂိုးလည်း သွင်းနိုင်ကြသည်။ အလယ်တန်းတွင် ဟာဝါမိုဟာမက်၊ မက်ဒီကာရင်နှင့် ဆာလစ်ဆာဒါတို့လည်း ရှေ့တန်း တိုက်စစ်ကို လိုက်ပါအားဖြည့်နိုင်ပြီး နောက်ခံလူများကိုလည်း ကူညီထောက်ကူပေးနိုင်ကြသည်။ အီရတ် နောက်တန်းအားနည်းလျက်ရှိရာ အုပ်စုသုံးပွဲကစားရာတွင် လေးဂိုးပေးခဲ့ရသည်က ဖော်ပြနေသည်။ အီရတ်တို့ ခြေတွေ့ပါက တစ်ဖက်အသင်းကို ဒုက္ခပေးနိုင်သည်ဖြစ်ရာ တရုတ်တို့ အီရတ်ကို ခက်ခက်ခဲခဲကစားရဖွယ်ရှိနေသည်။

ဇူလိုင် ၃၀ရက် **(ယနေ့)**တွင် ကျင်းပမည့် အာရှဖလားကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဥဇဘက်ကစ္စတန်နှင့် ဘာရိန်းတို့ တရုတ်နိုင်ငံ ချန်ဒူးမြို့ စီချွမ်စပေါ့တ်စင်တာကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မှတ်တမ်းကောင်းရှိခဲ့

အုပ်စု(ဂ)ပထမဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်လာသော ဥဇဘက်သည် အာရှဖလားသမိုင်းတွင် ပထမဆုံးအကြိမ် ကွာတားဖိုင်နယ် တက်နိုင်ခဲ့သော အသင်းဖြစ်ပြီး ၁၉၉၆ ခုနှစ်တွင် ခြေစစ်ပွဲအောင်ပြီး အုပ်စုမပင် ထွက်ခဲ့ရသလို ၂၀၀၀ပြည့်နှစ် အာရှဖလားပြိုင်ပွဲတွင်လည်း အုပ်စုမပင်ထွက်ခဲ့ရသောအသင်းဖြစ်သည်။ သို့သော် ၁၉၉၄ခုနှစ် ဂျပန်နိုင်ငံတွင် ကျင်းပသည့် ဟီရိုရှီးမားအာရှအားကစားပြိုင်ပွဲတွင် တရုတ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သော မှတ်တမ်းကောင်းရှိခဲ့သည့် အသင်းလည်း ဖြစ်သည်။ သို့သော် ဥရောပအခြေစိုက်ဘောလုံးသမားများဖြင့် ဖွဲ့စည်းထားသော ဥဇဘက်သည် ဘာရိန်းကို အပေါ်စီးမှ ကစားဖွယ်ရာရှိသည်။

ဥဇဘက်နှင့်ကစားရမည့်ဘာရိန်းသည် အုပ်စု(က) အုပ်စုဒုတိယဖြင့် ကွာတားတက်လာသော အသင်းဖြစ်ပြီး အုပ်စုပွဲစဉ်များ ကစားခဲ့ရာတွင် တရုတ်ကို နှစ်ဂိုးစီသရေ၊ ကာတာနှင့် တစ်ဂိုးစီသရေကျပြီး အင်ဒိုနီးရှားကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ သုံးပွဲကစား (၅)မှတ်ရရှိသဖြင့် ကွာတားတက်လာခဲ့ခြင်းဖြစ်သည်။

ဘာရိန်းအသင်းမှာ အာရှဖလားသမိုင်းတွင် ၁၉၇၂ခုနှစ်မှစတင်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ခြေစစ်ပွဲ တစ်ကြိမ်တစ်ခါမှ မအောင်မြင်ခဲ့ဖူးသော အသင်းဖြစ်ပြီး ယခုနှစ်အာရှဖလားပြိုင်ပွဲတွင်မှ ခြေစစ်ပွဲအောင်ကာ ကွာတားဖိုင်နယ်ထိ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ဘာရိန်းတို့ အုပ်စုပွဲများ၌ ကစားခဲ့သည့်ပုံစံအတိုင်း ဥဇဘက်ကို ကစားခဲ့ပါက ဥဇဘက်တိုက်စစ်မှူးများ၏ ထိုးဖောက်ကစားမှုကို အလူးအလဲခံရဖွယ်ရှိပြီး ကွာတားမှပင် လှည့်ပြန်ရမည့် အခြေအနေနှင့် ကြုံတွေ့သွားနိုင်ကြောင်း သုံးသပ်မိရာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာမည့် အသင်းများကို စိတ်ဝင်စားဖွယ်စောင့်ကြည့်ရပေတော့မည်။ ။

(မြန်မာ့အလင်း)

အာရှဖလားအုပ်စု(ဃ) အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဂျပန်နှင့်အီရန်တို့ ယှဉ်ပြိုင်ကစားရာ ဂျပန်တိုက်စစ်မှူး တာမာဒါ ထိုးဖောက်ကစားမှုကို အီရန်နောက်ခံလူ ဟူစိန်ကာဘိုင်က ဟန့်တားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သန်လျင်ဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၂၉

ဦးမိုးဇော်သည် သန်လျင်ဂေါက်ကလပ်၌ ဇူလိုင် ၂၃ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၃) သို့ ၁၉၃ကိုက်အကွာမှ Tour Special(2)ဘောလုံးအား RAC Tayler Made Iron(8) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့သည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးရဲကျော်ညွန့်၊ ဦးအောင်မြင့်၊ ဦးကျော်ဝင်းတို့နှင့် အတူကစားခဲ့ကြောင်းသိရသည်။ **(က-ပ)**

ရေဦးမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၉

ရေဦးမြို့နယ်အသင်း(ရန်ကုန်)က ရန်ကုန်မြို့တွင် သီတင်းသုံးနေကြသော ရေဦးမြို့နယ်ဇာတိ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၇ ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ် ဓမ္မာရုံကြီး၌ ပြုလုပ်မည်ဖြစ်သည်။

အသင်းဝင်များနှင့် ရေဦးမြို့နယ်သူမြို့နယ်သားများ ကြည်ညိုသဒ္ဓါပွားများပြီး သင်္ကန်းအလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဥက္ကဋ္ဌဗိုလ်မှူးကြီး ဝင်းကြည် အမှတ် (၅၆) ဗိုလ်ရွှေလမ်း လသာမြို့နယ် ဖုန်း-၂၄၆၅၅၁၊ ဒုတိယဥက္ကဋ္ဌ ဦးဘအုပ်(ထက်လျှပ်စစ်ပစ္စည်းဆိုင်) အမှတ် ၁၅ ပဒုမ္မာကွင်းတောင်ဘက်တိုက်ခန်း စမ်းချောင်းလမ်း စမ်းချောင်းမြို့နယ် ဖုန်း-၇၀၃၃၄၁နှင့် ဦးသန်းနွဲ့ ၈မိုင်လမ်းဆုံ မရမ်းကုန်း ဖုန်း-၆၆၁၇၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဒဂုံမြို့နယ် အထက(၁)ပညာရေးမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ဒဂုံမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ပညာရေးမိသားစု၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်၉နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ဒဂုံသီရိခန်းမ၌ ကျင်းပသည်။

ဆောက်တည်

ရှေးဦးစွာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ရန်ကင်းမြို့နယ် ပဋ္ဌနိကာယ် ဗိမာန်တော်ကျောင်း ပဓာန နာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ တေဇောဘာသထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

တရားဟောကြား

ထို့နောက် ဆရာတော်သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြပြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းပဓာနနာယက တိပိဋကရေဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ယောဆရာတော်ဘဒ္ဒန္တ သီရိန္ဒာဘိဝံသက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူရာ ပရိသတ်များက နာယူကြသည်။

ဆက်လက်၍ ဆရာတော်သံဃာတော်များအား ကျောင်းအုပ်ကြီး ဦးကျော်ကျော် အမှူးပြုသည့် ဆရာဆရာမများက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ရေစက်သွန်းချ

ယင်းနောက် မရမ်းကုန်းမြို့နယ် ကမ္ဘာအေး တိပိဋက မဟာဂန္ဓာရုံကျောင်း ပဓာနနာယက ဆရာတော် တိပိဋကရေဓမ္မဘဏ္ဍာဂါရိကအဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မာပါဠိပါရဂူ ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ (Ph.D) အရှင်သူမြတ်က ရေစက်ချတရားဟောကြားချီးမြှင့်တော်မူရာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ **(မြန်မာ့အလင်း)**

သွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

ဆေးရုံအသီးသီးပေါ်၌ သွေးလိုနေသော ဝေဒနာရှင်များအား မေတ္တာသွေးစက်ဖြင့် အသက်ကယ်နိုင်ရန် မေတ္တာဗျူဟာအဖွဲ့က ကြီးမှူး၍ (၈၃) ကြိမ်မြောက် ဒါနဥပပါရမီ၊ ဒါနပရမတ္တပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို ဩဂုတ် ၁ ရက် နံနက် ၈ နာရီခွဲတွင် ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။ မိမိတို့၏ မေတ္တာသွေးစက်ဖြင့် သွေးလှူဒါန်းလိုသူ မေတ္တာသွေးလှူရှင်တိုင်း လာရောက်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မောင်မြိုးဝေယံကျော် (ခ) ဖူးဖူးအတွက် မွေးနေ့ဆုတောင်း

တစ်ဦးတည်းသောချစ်သားလေး မောင်မြိုးဝေယံကျော် ဒုတိယတန်း(B) T.T.C ၏ (၃၀. ၇. ၂၀၀၄)နေ့တွင်ကျရောက်သည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း (၁၂၀) တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် သားလေး၏ လိုအင်ဆန္ဒများပြည့်ဝပြီး ထူးချွန်ထက်မြက်သော သားကောင်းရတနာလေး ဖြစ်ပါစေ။

ချစ်ပေါင်းပေါင်း - ကိုဝင်းကျော်(ခ)ကိုချောင်း

ချစ်မားမား - မမိုးမိုးလွင်(3D စတိုးတော့သောင်း)

ချစ်မမ - မြချိုချိုလွင်

ချစ်ညီမလေး - မြတ်နိုးသီရိကျော်(စံပြမူကြို)

မြန်ကြားရေးဝန်ကြီးဌာန

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်

အသုံးပြုရန်လိုအပ်သော

ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်။

1.	Web Offset Ink		
	(1) Black	15000	Kg
	(2) Yellow	1000	Kg
	(3) Red(Magenta)	1000	Kg
	(4) Blue(Cyan)	1000	Kg
2.	Sheetfed Offset Ink		
	(1)Black	3000	Kg
3.	P/S Negative Plates		
	(1) 915x626x0.3 mm	1000	Shts
	(2) 889x586x0.3 mm	4000	Shts
	(3) 685x745x0.24 mm	600	Shts
	(4) 650x550x0.24 mm	4050	Shts

၂။ တင်ဒါပေးသွင်းမှုကို ၁၀–၈–၂၀၀၄ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ထုရွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊

ဩဝါဒခံယူပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၉

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ဂေါပကအလုပ်အမှုဆောင်အဖွဲ့၊ ပညာရေးနှင့်သင်ကြား ပို့ချရေးကော်မတီ၊ ဝေယျာဝစ္စအမျိုးသမီးအဖွဲ့၊ ကျန်းမာရေးနှင့် လူမှုဝန်ထမ်းရေးရာကော်မတီ၊ ဆရာဟန်၏ အဘိဓမ္မာသင်တန်း၊ တာမွေမြို့နယ် အထက(၄)နှင့်အလှူရှင်များက စုပေါင်းကာ တတိယအကြိမ်မြောက် ဩဝါဒခံယူပွဲနှင့် အဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ ဇရာခန်းမဆောင်၌ ဩဂုတ်၇ရက်(စနေနေ့) မွန်းလွဲ၂နာရီတွင် ကျင်းပမည်ဖြစ်ရာ ဆရာတော်ကြီးများ၊ ဝါဆို သံဃာတော်များ စုစုပေါင်း၄၅ပါးတို့အား လှူဒါန်းပူဇော်ကြည်ညိုရန်အတွက် ဖိတ်ကြားနိုးဆော်ထားကြောင်းသိရသည်။ **(က–ပ)**

သမဝါယမညွှန်ကြားရေးမှူးချုပ်ရုံး ငွေစုငွေချေးအသင်း စည်းဝေး

ရန်ကုန် ဇူလိုင် ၂၉

သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး ငွေစုငွေချေးသမဝါယမအသင်း လီမိတက်၏ ၂၀၀၃–၂၀၀၄ခုနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ကျင်းပရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အစီအစဉ်အရ သဘာပတိက အဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍အသင်း၏ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ နှစ်ချုပ်ငွေစာရင်းရှင်းတမ်း၊ အတိုးငွေခွဲဝေစာရင်းနှင့် အသင်းသား စာရင်းစစ် အစီရင်ခံစာများကို အတည်ပြုရန်အတွက် အသင်းသား ဒေါ်နန်းယောက အဆိုပြုပြီး အသင်းသား ဒေါ်ကြည်ကြည်နှင့် ဒေါ်နီနီတို့က ထောက်ခံသဖြင့် သဘာပတိက အတည်ပြုပေးသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နဝဒေးတံတား(ပြည်)ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

ရန်ကုန် ဇူလိုင် ၂၉

နဝဒေးတံတား(ပြည်)ရေလမ်းကြောင်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၆)နှင့်(၇)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅)နှင့်(၆)အကြားမှလည်းကောင်းဖွင့်ထားခဲ့သည်။ ယခုအခါ မြစ်ရေများ မြင့်တက်လာပြီး ရေစီးနှုန်းမြင့်မားလာသဖြင့် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇူလိုင် ၂၈ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့်(၅)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃)နှင့် (၄)အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ်ဖွင့်လှစ်ထားသည်။

ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင်အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါမီးစိမ်းထွန်း ပြသထားပြီး မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားသည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များတစ်တွဲချင်းချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

SoftGuide Computer

- Microsoft Office XP
- Graphic Design
- D.T.P
- Turbo C
- Visual Basic
- Auto CAD
- Special Course for Kid's
- Computerized Accounting (ACCPAC) (Peachtree)

☎ 382180, 09-50-23762 ☎ 220659 ☎ 527368 ☎ 220877 ☎ 053-24089 ☎ 082-23358 ☎ 043-23524

ဒေါင်ဖန်းလက်တွန်းထွန်စက်လက်တွေ့သရုပ်ပြ

ရမည်းသင်း ဇူလိုင် ၁၀

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ရမည်းသင်းမြို့နယ် သမဝါယမဦးစီးဌာနနှင့် မန္တလေးမြို့ ဂွတ်ဘရားသားကုမ္ပဏီလီမိတက်တို့နှင့် ပူးပေါင်း၍ စက်မှုလယ်ယာသုံး ဒေါင်ဖန်းလက်တွန်း ထွန်စက်လက်တွေ့ အသုံးချသရုပ်ပြပွဲကို ဇူလိုင် ၇ရက်က အင်ကြင်းကန်ကျေးရွာလုပ်သားစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာဂွတ်ဘရားသားကုမ္ပဏီလီမိတက် အရောင်းမန်နေဂျာ ဦးဝင်းမောင်သန်း၊ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးတင်လှနှင့် အင်ကြင်းကန်ကျေးရွာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း အတွင်းရေးမှူးဦးကျော်စိန်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒေါင်ဖန်းလက်တွန်းထွန်စက်သုံးစီးဖြင့် လက်တွေ့သရုပ်ပြမောင်းနှင်ပြသရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ဦးခင်မောင်ဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြငွေနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းသမဝါယမဦးစီးအရာရှိ ဦးကျော်နိုင်နှင့်ဝန်ထမ်းများ၊ဂွတ်ဘရားသားကုမ္ပဏီလီမိတက်အရောင်း မန်နေဂျာနှင့်အဖွဲ့ဝင်များ၊ပတ်ဝန်းကျင် ကျေးရွာများမှ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း အမှုဆောင်များနှင့် အသင်းသားများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသော တောင်သူများ လေ့လာကြကြောင်း သိရသည်။ **(က-ပ)**

ကျေးလက် သတင်း နှင့် မြင်ကွင်း

ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး ညောင်ဦးမြို့နယ်တွင် စက်ရေတွင်းတူးဖော်

ညောင်ဦး ဇူလိုင် ၂၀

ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးစီမံချက်အရ ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် သပြေအိုင့်ကျေးရွာ၌ ၄ လက်မအချင်း စက်ရေတွင်း(တွင်းနက်)တူးဖော်ရန်အတွက် ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းတို့ ဇူလိုင် ၇ရက်က မြေနေရာရွေးချယ် ပန္နက်ရိုက်ပေးကြပြီး**(အပေါ်ပုံ)** စက်ရေတွင်းအား တူးဖော်ပေးခဲ့ရာ ယခုအနက် ပေ ၇၁၀တွင် ရေရရှိပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရေနံချောင်းမြို့နယ်၌ ပညာရွှေမြေ စာကြည့်တိုက်ဖွင့်လှစ်

ရေနံချောင်း ဇူလိုင် ၂၃

ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဝက်လွတ်ကျေးရွာအုပ်စု ဝက်လွတ်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ပညာရွှေမြေစာကြည့်တိုက်ဖွင့်ပွဲနှင့် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအင်းကြူ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးတင်လတ်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** ထို့နောက် မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက ကျေးလက်ဒေသ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်များဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ဟောပြောပြီး အလှူရှင်များက စာအုပ်မျိုးစုံ ၁၅၀ ပေးအပ်လှူဒါန်းကြသည်။ **(၃၈၃)**

ဖဲကြိုးဖြတ်ဖွင့်

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် မိုးရာသီ စျေးရောင်းပွဲတော်ကို ဇူလိုင် ၂၇ ရက်က ကောလိယခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးငွေ၊ မြို့မိမြို့ဖ ဒုတိယ ဗိုလ်မှူးကြီးတင်မြင့်(ငြိမ်း) နှင့် Power Right Group မှ မန်နေဂျင်း ဒါရိုက်တာ ဦးမျိုးကျော်စွာအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)



ဇီဝဓာတ်ငွေ့လျှပ်စစ်စက်ရုံ နွားထိုးကြီး၌တည်ဆောက်

နွားထိုးကြီး ဇူလိုင် ၁၅

နွားထိုးကြီးမြို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိသော မကျီးကန်စံပြကျေးရွာဇီဝဓာတ်ငွေ့လျှပ်စစ်မီးလင်းရေး စက်ရုံတည်ဆောက်မှုကို ဇူလိုင် ၅ရက်က မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးညွန့်မြင့်သန်း၊မြို့နယ်ဥက္ကဋ္ဌဦးမြင့်ဆွေ၊ အတွင်းရေးမှူး ဦးကျော်နိုင်ထွန်း၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးအေးသန်းဆွေနှင့်အဖွဲ့တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ခရိုင်အုပ်ချုပ်ရေးမှူး ဦးညွန့်မြင့်သန်း၊ ကျေးရွာဥက္ကဋ္ဌ ဦးပေါက်စနှင့်အဖွဲ့ဝင်များက ကျေးရွာပြည်သူများနှင့်တွေ့ဆုံပြီးကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်းဆောင်ရွက်ကြရန် ပြောကြားပြီးဇီဝဓာတ်ငွေ့စက်ရုံတည်ဆောက်မှုကို ကြည့်ရှုကြသည်။

ထို့နောက် စက်ရုံတာဝန်ခံ လက်ထောက် ကထိက ဦးမင်းလွင်ဆွေက ဓာတ်ငွေ့လှောင်ကန်တည်ဆောက်မှု အခြေအနေကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။ **(၂၁၃)**

စပါးရိတ်သိမ်းစက်၊ ခြွေလှေ့စက်သရုပ်ပြ အချိန်ကုန်လူပန်းမှုမရှိဘဲ သက်သာ

မြစ်ငယ် ဇူလိုင် ၁၂

မန္တလေးမြို့ စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းအောင်သည် ဇူလိုင် ၅ ရက်က အမရပူရမြို့နယ် အရှေ့ခြမ်း ဆောက်တောဝကျေးရွာအုပ်စု ကွင်းအမှတ်(၅၈၀)၊ ဦးပိုင်အမှတ်(၃၄/ခ)ရှိ တောင်သူဒေါ်အေးရင် ပိုင်လယ်မြေတွင် စိုက်ပျိုးထားသော တရုတ်မျိုးသန့်(see-1) အမျိုးအစားနွေစပါးကိုစက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်သော AMR-994ကောက်ရိတ်စက်ဖြင့် ရိတ်သိမ်းခြင်းနှင့် စက်ဖြင့်ခြွေလှေ့ခြင်းများ သရုပ်ပြသမှုကို ကြည့်ရှုကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးတိုးသီလက လုပ်ငန်းဆောင်ရွက်မှုများကို ခရိုင်ဦးစီးမှူး ဦးသိန်းအောင်အား ရှင်းလင်းတင်ပြပြီး နွေစပါး ရိတ်သိမ်း၊ ခြွေလှေ့ရာသို့ အနီးပတ်ဝန်းကျင်မှ တောင်သူများက လေ့လာ ကြည့်ရှုကြသည်။

အဆိုပါ ရိတ်သိမ်းခြွေလှေ့စက်သည် အချိန်ကုန် လူပန်းမှုမရှိဘဲ သက်သာကြောင်းသိရသည်။ **(၂၀၉)**

ဝါးရုံစွန်းကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

လှည်းကူး ဇူလိုင် ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဝါးရုံစွန်းကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၈ရက်က ဝါးရုံစွန်း အမကတွင် ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်အုန်းမြင့်၊ ကျေးရွာဥက္ကဋ္ဌ ဦးလှမြင့်နှင့် ကျေးရွာအသင်းစည်းရုံးရေးမှူး ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဆည်မြောင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးလင်းလင်းဦးက ဝါးရုံစွန်း အမက ကျောင်းမှ ကျောင်းသူကျောင်းသားများအတွက် ခဲတံနှင့် ဗလာစာအုပ်များလှူဒါန်းခြင်းနှင့် စာကြည့်တိုက်အတွက် အလှူရှင်များမှ စာအုပ်ပေါင်း ၄၈၅အုပ် လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးလှမြင့်က လက်ခံရယူခဲ့ကြောင်း သိရသည်။

(က-ပ)

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အခြေခံပညာ အထက်တန်းကျောင်းများသို့ ကွန်ပျူတာလှူဒါန်း

မကွေး ဇူလိုင် ၂

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အခြေခံပညာ အထက်တန်းကျောင်းများသို့ ကွန်ပျူတာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက ကွန်ပျူတာလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မကွေးတိုင်းအတွင်း အခြေခံပညာ အထက်တန်းကျောင်းများကို ငွေကျပ် ၅၄၇၇၆၀၀ တန်ဖိုးရှိ ကွန်ပျူတာ ၄၂ လုံးနှင့် မကွေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ကွန်ပျူတာ တစ်လုံး၊ ပရင်တာတစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(၃၈၃)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဇွန် ၂၇ ရက်က တာချီလိတ်မြို့ ပြည်ထောင်စုလမ်းမကြီးလမ်းဘေးဝဲယာတွင် ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး ကျင်းပသည့် မြန်မာ အမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ၌ ခရိုင်အမျိုးသမီးရေးရာ နာယက ဒေါ်သင်းသင်းရည်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကျွန်းပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (ခရိုင် ပြန်/ဆက်)

မအူပင်မြို့နယ် အားကစားဆပ်ကော်မတီမှ ကြီးမှူးကျင်းပသော ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် မအူပင်မြို့ တစ်ပတ်အပြေးပြိုင်ပွဲကို ဇွန် ၂၃ ရက် နံနက်က မအူပင်ခရိုင် ဧည့်ရိပ်သာရှေ့တွင်ကျင်းပရာ ဆုရရှိသူများကို မအူပင်မြို့နယ်အားကစားဆပ်ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ဆုများပေးအပ်စဉ်။ (၄၂၁)

ညောင်တုန်းမြို့နယ်၌ မူလတန်းလွန်ကျောင်းဖွင့်

ညောင်တုန်း ဇူလိုင် ၂၀

ညောင်တုန်းမြို့နယ် ရွှေဟင်္သာကျွန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၈ ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးစိုးဝင်းသန်း၊ ကျောင်းအုပ်ဆရာကြီး ဦးယဉ်ထွေးနှင့် ကျေးရွာအဖွဲ့ဝင် ဦးကျော်အေးတို့က အခြေခံပညာမူလတန်းလွန်ကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးစိုးဝင်းသန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ရင်သွေးငယ်များ ပညာသင်ကြားမှုအဆင်ပြေစေရေးအတွက် မူလတန်းလွန်ကျောင်းများ ဖွင့်လှစ်ပေးရခြင်းကိုရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးယဉ်ထွေးက ကျေးရွာအဖွဲ့ဝင်ဦးကျော်အေးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးတင်အောင်ဝင်းတို့က ကျေးလက်နေပြည်သူများ၏ရင်သွေးငယ်များ အလယ်တန်းပညာသင်ကြားရေး ပိုမိုလွယ်ကူအဆင်ပြေသဖြင့် ဝမ်းမြောက်ကျေးဇူးတင်ကြောင်း ပြောကြားကြသည်။

ဆက်လက်၍ကျောင်းရန်ပုံငွေအတွက် ငွေကျပ်နှစ်သိန်းကို အဖွဲ့အစည်းအသီးသီး၏ တာဝန်ရှိသူများက မြို့နယ်ပညာရေးမှူးဦးစိုးဝင်းသန်း၊ ပညာရေးနယ်မြေတာဝန်ခံ မြို့မအလက ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုဝင်းနှင့် တာဝန်ရှိသူများသို့ပေးအပ်ကြသည်။ **(၀၉၈)**

သာပေါင်းမြို့နယ်၌ စာကြည့်တိုက်ဖွင့်

သာပေါင်း ဇူလိုင် ၁၂

သာပေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာ ကော်မတီ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ ကျေးရွာများတွင် ဖွံ့ဖြိုးရေးစာကြည့်တိုက်များ ဖွင့်လှစ်ကြရာ မရမ်းချိုကျေးရွာမှ အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၃၀ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှသောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးဝင်းရှိန်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးကိုကိုဇင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲအောက်ပုံ)**

အလားတူ သရက်ကုန်း အေးငြိမ်းမြေ စာကြည့်တိုက်၊ ရွှေရောင်ချပညာအလင်းစာကြည့်တိုက်၊ ခနန်လင်း အရဏ်စာကြည့်တိုက်နှင့် ကွင်းပေါက် မြန်မာ့ဂုဏ်ရည်စာကြည့်တိုက်များ ဖွင့်လှစ်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရွှေပြည်ရန်အောင်ရပ်ကွက်ရှိရန်ကုန်-မန္တလေး ကားလမ်း နံဘေး အထက်တန်းကျောင်းရှေ့ စကြံ်ကို ဇူလိုင် ၇ရက်က အမှုဆောင်အရာရှိ ဦးစိုးဝင်းကျော်ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင် အထက(၁၀)မြတ်ဆရာပူဇော်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

မော်လမြိုင် ဇူလိုင် ၂၇

မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ် (၁၀) အခြေခံပညာအထက်တန်းကျောင်း (ယခင်ရာမညမွန်အမျိုးသား အထက်တန်းကျောင်း အမှတ် (၁၂) အထက မော်လမြိုင်)ကျောင်း၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် နှစ်(၅၀)ပြည့် ရွှေရတုအကြိုကျင်းပရေးအတွက် ညှိနှိုင်း အစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၂၆ရက်က မော်လမြိုင်မြို့ အထက(၁၀) အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာမြတ်ဆရာပူဇော်ပွဲကျင်းပရေးနာယက ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးလှမင်းက အပူဇော်ခံဆရာဆရာမစုစည်းရေး၊ ထောက်ပံ့ငွေရှာဖွေရေး၊ ရပ်ဝေးရောက် ကျောင်းသားကျောင်းသူဟောင်းများ စုစည်းထားရှိရေးနှင့် အပူဇော်ခံ ဆရာ ဆရာမများအား အိမ်တိုင်ရာရောက်ကြိုဆိုရေးနှင့် ထောက်ပံ့ လှူဒါန်းရေးတို့ကို အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ကျောင်းသားဟောင်း ဦးစိုးကျော်(ခ) ကာမာလ် မိသားစုက ကျပ်တစ်သိန်း၊ ကျောင်းသူဟောင်း ဒေါ်မြဝင်းကြည် မိသားစုက ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးလှမင်းက လက်ခံရယူသည်။

ထို့နောက် ပထမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၆ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **(၁၆၈)**

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မိုးကောင်း-ငွေးကုန်း ကျေးလက်လမ်းကျောက်ချောခင်းခြင်းအတွက် ကျောက်စုဆောင်းမှုအခြေအနေကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေ ကွင်းဆင်းကြည့်ရှုစဉ်။ (မြို့နယ်စည်ပင်)

မျိုးဆက်ပွားကျန်းမာရေး ဆင့်ပွားသင်တန်းဖွင့်

ဝက်လက် ဇူလိုင် ၈

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မျိုးဆက်ပွားကျန်းမာရေး စီမံချက် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ဇွန် ၂၇ ရက် နံနက် ၁၀နာရီက ကျင်းပပြီး သင်တန်းကို ဇူလိုင် ၁ ရက်အထိ ပို့ချခဲ့ကြကြောင်းသိရသည်။

(က-ပ)

ဇွန် ၂၅ ရက်က လပွတ္တာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံအမျိုးသားအကြီးတန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ရတနာဒီပ အားကစားကွင်းတွင်ကျင်းပရာ အကောင်းဆုံးကစားသမားဆုနှင့် တံခွန်စိုက်ဆုဖလားရရှိသည့်(ဂ)ရပ်ကွက်အသင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဟန်က ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက် (၄/၂၀၀၄)

ရန်ကုန်မြို့ ၊ ၁၃၆၆ ခုနှစ်၊
ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်
(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက် ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၄ခုနှစ် (အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ) လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များ၊ လစ်လပ်ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ပုဒ်မ–၁၂၊ ပုဒ်မ–၁၃၊ ပုဒ်မ–၁၅တို့နှင့်အညီ နိုင်ငံသား၊ပုဂ္ဂလိက၊ ကုမ္ပဏီအသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်) အတွက် အာမခံစပေါ်ငွေ (DEPOSIT) ကျပ်တစ်သိန်း ပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့် လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း/ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်း စသည်တို့အား ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာ တူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း၊ ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရှိရမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ/အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင် လွှဲပြောင်းခြင်းမပြုရန် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉) အတိုင်း လိုက်နာဆောင်ရွက်ရမည့်အပြင် ကျောက်မျက်ရတနာ ထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ခွင့်ပြုမိန့်ရရှိသူများလိုက်နာရန် သတ္တုတွင်းဝန်ကြီးဌာနက ၂၀၀၄ ခုနှစ် မေလ ၁၂ ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၀၄ အတိုင်းလိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

၄။ သတ်မှတ်လုပ်ကွက်နှင့်ဖော်ထုတ်လုပ်ကွက် တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များ၊ တူးဖော်ထုတ်လုပ်ဆဲသတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များအနေဖြင့် တူးဖော်မှုနှင့်ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေ အကျယ်အဝန်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေး လုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်လုပ်ကွက်နှင့်ဖော်ထုတ်လုပ်ကွက်များအတွက် ခွင့်ပြုသက်တမ်းကာလမှာ (၃)နှစ်ဖြစ်ပြီး အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာကျပ် ၁၀ သိန်း ဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာ တင်သွင်းရာတွင် ပေးသွင်းမည့်အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ စာသားဖြင့်ပါ တိတိကျကျ ဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့် သတ်မှတ်လုပ်ကွက်နှင့်ဖော်ထုတ် လုပ်ကွက်များကို လုပ်ကိုင်မည့် ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများတင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများတင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်း မရှိသည့်အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံဖော်ပြခြင်းမပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့်အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်–

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်မှစ၍ အမှတ် ၆၆၊ ကမ္ဘာအေးစေတီလမ်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများ ထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာ တင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ–၂)နှင့်ပုံစံ(သမ–၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ–၅)နှင့်ပူးတွဲပုံစံ(ဖထ–၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍၊ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင် ချိပ်ထိုးပြီး ၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၀ ရက်မှ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၈ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ အမှတ် ၆၆၊ ကမ္ဘာအေးစေတီလမ်း၊ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ ရန်ကုန်မြို့တွင် လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်း တူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့်မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး
ဆန်စက်၊ ဆန်စက်တည်ရာမြေနှင့်အဆောက်အအုံများရောင်းချရန်

ချိပ်ပိတ်တင်ဒါများခေါ်ယူခြင်း

၁။ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးသည် အောက်ပါ မြို့နယ်များရှိ ဆန်စက်၊ ဆန်စက်တည်ရာမြေနှင့် အဆောက်အအုံများ ရောင်းချရန်ရှိပါသဖြင့် ချိပ်ပိတ်တင်ဒါများကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။
(က) ပဲခူးမြို့ရှိ စက်အမှတ်(၁၃၀)၊ ဇေယျာမြင့်ဆန်စက်၊ ဆန်စက်တည်ရာမြေနှင့် အဆောက်အအုံများ။
(ခ) ဝေါမြို့ရှိ စက်အမှတ်(၁၄၈) ရွှေဇင်ယော်ဆန်စက်၊ ဆန်စက်တည်ရာမြေနှင့် အဆောက်အအုံများ။
(ဂ) ကဝမြို့နယ်ရှိ စက်အမှတ်(၁၇၅)ဘင်လျှန်းဆန်စက်၊ ဆန်စက်တည်ရာမြေနှင့် အဆောက်အအုံများ။

၂။ ချိပ်ပိတ်တင်ဒါပေးသွင်းခြင်းအား ၂၄–၈–၂၀၀၄ ရက်နေ့ ၁၂:၀၀ နာရီ ပိတ်မည် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါ ဌာနတွင် ၃၀–၇–၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

အထွေထွေမန်နေဂျာ၊ ကြိတ်ခွဲထုတ်လုပ်ရေးဌာန
မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး(ရုံးချုပ်)
အမှတ် ၃၀၂/၃၀၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၂၄၆၃၃၉၊ ၃၇၁၇၂၆။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၅ နည်းဥပဒေ ၁ နှင့် ၂၀)
ကချင်ပြည်နယ်တရားရုံး
၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၆

ကချင်ဆက်ဆံရေးဌာန နှင့် (၁) ဦးခေါင်ခမ်း
မြစ်ကြီးနားမြို့ (၂) ဒေါ်ဂျာဆမ်
(၎င်း၏ကိုယ်စားဆက်ဆံရေးဌာန)
(အတူနေလင်မယား)
တာဝန်ခံဦးမုတ်ရင်ဒေါင်ဟောင်း) အမှတ် ၉/၂၂

နန်းရှေ့ရေစစ်ကန်

အရှေ့တောင်ဒေါင့်

အောင်မြေသာဇံမြို့နယ်

မန္တလေးမြို့
(ယခု နေရပ်လိပ်စာမသိ)

တရားလို **တရားပြိုင်များ**

တရားပြိုင်များဖြစ်ကြသော ဦးခေါင်ခမ်းနှင့်ဒေါ်ဂျာဆမ်(ယခု နေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုကချင်ပြည်နယ်၊ သီးခြားသက်သာခွင့်ဥပဒေ ၁၂ အရ ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ၎င်းကိုယ်စား ရုံးတော်အခွင့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့ ၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်နေ့၊ နေ့မွန်းမတည့်မီ ၁၀း၀၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေသည်မှာ အထက်စွဲသည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုဆိုင်ဆိုင်ရာ ရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ကျွန်ုပ်ရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကြွယ်ကြွယ်
ကချင်ပြည်နယ်တရားသူကြီး။

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ကျောင်း၊သိမ်၊ရဟန်းဒါယကာကြီး
ဦးမြင့်ဝင်း(ပုသိမ်)
Director Ericsson Sweden (Retired)
အသက်(၆၀)

ချစ်သူငယ်ချင်း ဦးမြင့်ဝင်း အဆင်ပြေ ချမ်းမြေ့လှစွာသော မိသားစုမှ ခွဲခွာသွားသည်မှာ တစ်လပြည့်ပြီဖြစ်သော်လည်း သူငယ်ချင်း ဒေါက်တာ ခင်အေးမူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ငယ်သူငယ်ချင်းများ၊
ပုသိမ်။

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ကျောင်း၊သိမ်၊ရဟန်းဒါယကာကြီး
ဦးမြင့်ဝင်း(ပုသိမ်)
Director Ericsson Sweden (Retired)
အသက်(၆၀)

ကိုမြင့်ဝင်း ပျော်ရွှင်ချမ်းမြေ့လှစွာသော မိသားစုမှ ခွဲခွာသွားသည်မှာ တစ်လပြည့်ပြီဖြစ်သော်လည်း သူငယ်ချင်းမူမူ (ဒေါက်တာခင်အေးမူ) မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

ဒေါက်တာဝင်းနိုင်–ဒေါက်တာခင်မာဝင်း(Esther) (UK)၊
ဒေါက်တာရီရီသိန်း။

ဦးဝင်းကြည်
(တပ်မတော်–ရေ၊ ငြိမ်း)
အသက်(၄၉)နှစ်

အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကြည်သိန်း–ဒေါ်မာမာရိုန်တို့၏ ညီ/မောင် ဦးဝင်းကြည် (တပ်မတော်–ရေ၊ ငြိမ်း)သည် ၂၆–၇–၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သံမှူး ဦးရဲမြင့်–ဇနီး ဒေါ်ခင်ခင်အေး မိသားစုနှင့်
မြန်မာသံရုံးဝန်ထမ်းများနှင့် မိသားစုများ
မြန်မာသံရုံး၊ နယူးဒေလီမြို့။

အောင်ဝင်ခွင့် သင်တန်းဖွင့်မည်

U.F.Lဝင်ခွင့်သင်တန်းနှင့် အင်္ဂလိပ်၊ ဂျပန်၊ တရုတ်၊ ထိုင်း၊ မလေးရှား၊ ပြင်သစ်၊ ကိုရီးယားကို ဩဂုတ်လ ၁ ရက်နေ့ ဖွင့်မည်။ ဝင်ခွင့်များကို ညနေ ၄ နာရီခွဲမှ ၆ နာရီအထိ တစ်ပတ် ၅ ရက် သင်ကြားပေးမည်။

တိုက် ၂၈၂၊ အခန်း ၁၊ ရန်ကင်းကြားမှတ်တိုင်အနီး၊
C.M.A ရုံးရှေ့ ဘောလမ်းမှဝင်ရန်၊ ကျောင်းအပ်လက်ခံပြီ။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းတံတားများ၊ ကုန်သိုလှောင်ရုံများနှင့် ချလန်ရုံးတို့ကို ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့ ဝါဆိုလပြည့် (ဓမ္မစကြာနေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။



သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏သမီးဖြစ်သူ မသီသီအောင် ၁၂/ဥကမ(နိုင်)၁၅၈၂၅၁ သည်မိခင်၏ ဆုံးမစကားများကို မနာခံဘဲ မိမိဆန္ဒအရ နေအိမ်မှဆင်းသွားပါ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ (၎င်း၏ကိစ္စအဝဝကို တာဝန်မယူပါ)။

မိခင် ဒေါ်မြင့်မြင့်သိန်း
၁၂/ဥကမ(နိုင်)၁၁၃၅၆၀။

နှစ်(၄၀)ပြည့် ပတ္တမြားရတုမင်္ဂလာဆုတောင်း

၂၀၀၄ ဇူလိုင်လတွင်ကျရောက်သော ချစ်ဖေဖေ ဦးဟုန်ကာ(ခ) ဦးစိန်မြင့်နှင့် ချစ်မေမေ ဝေါ်ရှုတ်ကြုပ်(ခ) ဒေါ်ခင်သန်း(ဇော်ဖိနပ်ဆိုင်၊ပြည်မြို့)တို့၏ နှစ်(၄၀)ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ် ၁၂၀ တိုင်အောင် ချစ်သားသမီး၊ မြေးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ လိုအင်ဆန္ဒတစ်လုံးတစ်ဝတည်း ပြီးပြည့်စုံသောဘဝကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

ချစ်သားသမီးများ		ချစ်မြေးများ
ကိုဇော်တင်–မမြတ်မြတ်ဆွေ	–	မီမီကို၊ မင်းမင်းဟန်၊ မီမီအောင်
ကိုဇော်ထွန်း– Dr.ခင်ခင်လှ	–	ဘုန်းပြည့်ခင်၊
ကိုဇော်အောင်–မဇင်မာဖြူ	–	ဝင်းအိဖြူ၊ ချိုလွဲဖြူ
ကိုအောင်ဇော်မိုး–မသိမ့်သန္တာနွယ်		
ကိုဇော်ဝင်း–Dr. သူဇာအောင်	–	ချောနန္ဒာ

လေလံကြော်ငြာ

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ မော်တော်ယာဉ်ဟောင်း(၂)စီးအား လက်ရှိမျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်ဈေးနှုန်းလွှာတင်သွင်းသည့်စံနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ ချိပ်ပိတ်ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်တစ်စုံလျှင် ၁၅၀၀ နှုန်းဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ၂–၈–၂၀၀၄ ရက်နေ့မှ ၁၁–၈–၂၀၀၄ ရက်နေ့ ၁၂:၀၀ နာရီအထိ (ရုံးပိတ်ရက်အပါအဝင်) ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

၃။ ချိပ်ပိတ်ဈေးနှုန်းတင်သွင်းလွှာအား ၁၂–၈–၂၀၀၄ ရက်နေ့ ၁၀:၀၀ နာရီနောက်ဆုံးထား၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာနတွင်တင်သွင်းရမည်ဖြစ်ပြီး ချိပ်ပိတ်ဈေးနှုန်းတင်သွင်းလွှာ ဖွင့်ဖောက်ခြင်းအား ၁၂–၈–၂၀၀၄ ရက်နေ့နံနက် ၁၁:၀၀ နာရီတွင် ပြုလုပ်မည်ဖြစ်ပါသည်။

၄။ တယ်လီဖုန်းအမှတ် ၂၉၂၃၃၄၊ ၂၉၂၂၉၂၊ ၂၉၂၃၀၁ တို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံတင်ထုခွဲရောင်းချရေးအဖွဲ့။

အမည်ပြောင်း

ဦးမောင်မောင်လင်း၏သမီး ခိုင်စန္ဒီနွယ် ၁၂/မရက(နိုင်) ၁၃၇၂၅၉ အား ယနေ့မှစ၍ အေးမြတ်မိုးသူအောင်ဟုအမည်ပြောင်းလဲခေါ်ပါရန်။

အေးမြတ်မိုးသူအောင်။

သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန
ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်
သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်)၏ အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ ဖွင့်လှစ်မည့်သင်တန်းများ–(၁) ဒီပလိုမာသင်တန်းများ
- (i) Diploma in Computer Studies
- (ii) Diploma in English

(၂) လက်မှတ်ရသင်တန်းများ
- (i) Certificate in Computerized Accounting Course (ACCPAC plus with Modules)
- (ii) လက်မှတ်ရ မြန်မာကွန်ပျူတာ စာရင်းကိုင်စနစ်သင်တန်း(i Ledger)
- (iii) Certificate in English Proficiency Course (ပြင်ပကျွမ်းကျင်ပညာရှင်များဖြင့် ပူးပေါင်းပို့ချမည်။)
- (iv) Certificate in Korean Language Course (ကိုရီးယားနိုင်ငံမှ Native Speaker ပါဝင်ပို့ချမည်)

၂။ သင်တန်းအောင်လက်မှတ် – ဒီပလိုမာသင်တန်း(Diploma)
– လက်မှတ်ရသင်တန်း(Certificate)

၃။ သင်တန်းကာလ – ဒီပလိုမာသင်တန်း(၁)နှစ်
– လက်မှတ်ရသင်တန်း(၄)လ (စနေနေ့နှင့် တနင်္ဂနွေနေ့)

၄။ သင်တန်းဝင်ခွင့်အရည်အချင်း – ဒီပလိုမာသင်တန်းအတွက် (အခြေခံပညာအထက်တန်း (က) အဆင့် သို့မဟုတ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊
– လက်မှတ်ရသင်တန်းအတွက် (အနိမ့်ဆုံး အခြေခံပညာ အထက်တန်းအဆင့်ရှိသူများနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ)

၅။ လျှောက်လွှာပုံစံယူရန်နှင့်သင်တန်းတည်နေရာ – ရန်ကုန်သမဝါယမဒီဂရီကောလိပ် (ဒီပလိုမာသင်တန်းခွဲ) ဆရာစံပလာဇာ(တတိယထပ်)၊ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်၊ ဗဟန်းမြို့နယ်။

၆။ လျှောက်လွှာပိတ်မည့်ရက် – ဒီပလိုမာသင်တန်း(၂၀–၈–၂၀၀၄)နေ့
– လက်မှတ်ရသင်တန်း(၂၀–၈–၂၀၀၄)နေ့

၇။ အသေးစိတ်အချက်အလက် စုံစမ်းရန် – အထက်ပါ သင်တန်းခွဲရုံး၊ ဖုန်း–၅၄၂၈၁၅၊ ၅၅၉၁၇၃
မှတ်ချက် – သင်တန်းသားဦးရေကန့်သတ်ထားပါသည်။

အမည်ပြောင်း

ဦးဉာဏ်ထွန်း၏သမီးများဖြစ်ကြသော အထက(၂)လသာ အဋ္ဌမတန်း(B)မှ မရည်မွန်ဉာဏ်အား မယဉ်မြတ်ထွန်းဟုလည်းကောင်း၊ ဆဋ္ဌမတန်း(D)မှ မအေးခိုင်ဉာဏ်အား မအေးခိုင်ကျော်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မယဉ်မြတ်ထွန်း၊
မအေးခိုင်ကျော်။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်မျိုးကျော်ဦး ၁၂/ရပသ(နိုင်)၀၃၉၆၂၃ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက်အိမ်ပေါ်မှဆင်းသွားပါသဖြင့်ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ (၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ)။ **မိဘများ**

ဦးကျော်ထွန်း–ဒေါ်တင်ဦး။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ ခန့်ထားရန်)

၁။ အုပ်ချုပ်ရေးမှူး(ဘွဲ့ရ) ကျား ၂ ဦး (အသက် ၃၅ မှ ၄၅ အတွင်း) အိမ်ထောင်ရှိသူများ လာရောက်လျှောက်ထားနိုင်သည်။

၂။ ကြီးကြပ်ရေးမှူး (ဘွဲ့ရ) ကျား ၂ ဦး လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အလုပ်သမားမှတ်ပုံ တင်မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား၊ ရပ်ကွက်ထောက်ခံစာတို့ကို အောက်ပါလိပ်စာအတိုင်း ပေးပို့ရမည်။ နယ်မှဖြစ်ရမည်။

လိပ်စာ–အမှတ်(၅၁၉/၅၀၂) အဓိပတိလမ်းသွယ်(၁) စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့။ ဖုန်း–၇၀၆၅၃၃။

အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ အမှတ် ၆၇၊ အေ (၂) ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်တွင် နေထိုင်၍ နိုင်ငံသားအမှတ် ၁၂/ဒဂန(နိုင်)၀၁၃၀၆၆ ကို ကိုင်ဆောင်သူ ဗိုလ်မှူးကြီးထွန်းရှိန်(ငြိမ်း)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ဗိုလ်မှူးကြီးထွန်းရှိန်(ငြိမ်း)၏ ဖခင် ဦးကြွယ်နှင့် မိခင် ဒေါ်သန်းတင်တို့ အမည်ပေါက်ပိုင်ဆိုင်သော ရွှေဘိုမြို့က ရပ်ကွက်နံပါတ်(၂)၊ ပြင်ဈေး တောင်ပိုင်းရပ်၊ ဦးပိုင်အမှတ် က/၁၄၄ မြေကွက်နံပါတ် ၄၅၁/၄၅၂/၁၁၉၆၊ ဧရိယာ ဒသမ ၈၃၀ နှင့်ထိုမြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့နှင့် ပတ်သက်သော ပိုင်ဆိုင်မှုများအားလုံးကို ဗိုလ်မှူးကြီးထွန်းရှိန်(ငြိမ်း)သည် တရားဝင်အမွေဆိုင်တစ်ဦးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါအချင်းဖြစ်ပစ္စည်းကို ဗိုလ်မှူးကြီးထွန်းရှိန်(ငြိမ်း)အား အသိမပေးဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် တစ်ဆင့်လွှဲပြောင်းခြင်း၊ အာမခံတင်သွင်းခြင်းမပြုလုပ်ပါရန် အများသိစေရန် ကြေညာလိုက်သည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်မော်မော်ခင်
(အထက်တန်းရှေ့နေ) (စဉ်–၂၁၄၅၃)
အခန်း E, ၂၁၃၉၊ အမှတ် ၅၀၊ ပ–ထပ်၊ ဘဏ်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၆ဒီ(၁၄၊၁၅၊၁၆) မြေကွက်အမှတ် ၆၉၊ ဧရိယာ ၀ ဒသမ ၀၇၉ ဧကရှိ (အစိုးရမြေ)အမှတ် ၁၁၇၊ ၂ လမ်း အရှေ့ကြို့ကုန်း ရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သော မြေကွက်ကို ဒေါ်ထက်ဆွေဇင်ဦးအား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ်(၆၀) မြေငှားစာချုပ် ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍ (နှစ်ပတ်အတွင်း) ဤဌာနသို့လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ရန်ကုန်မြို့။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အမှတ်(၁၈၇–ခ/၁)၊ ၃၄လမ်းနေ
(ဦးမြကြွယ်) (အမှုဆောင်အင်/ယာ၊ဆ–လ–ရ)–ဒေါ်ကြည်ကြည်
တို့၏သားထွေး

မောင်ညီညီကြွယ် **B.A (Geography)**
2nd Mate (F.G) (Univan Shipping Co.,Ltd.)

နှင့်

ရန်ကုန်မြို့၊ ၅/၄ ကြို့ကုန်းရိပ်သာ၊ အင်းစိန်နေ
ဦးထွန်းဦး(ငြိမ်း) (အဆင့်မြင့်ပညာဦးစီးဌာန)–ဒေါ်ခင်လှလှ(ငြိမ်း)
(စိတ်ပညာဌာန) တို့၏သမီးထွေး

ဒေါက်တာခင်နှင်းဦး
M.B,B.S, Dip. Med. Sc (G.M), M.Med. Sc (Internal Medicine)
အင်းစိန်ပြည်သူ့ဆေးရုံ

တို့၏ ၂၉–၇–၂၀၀၄ ရက်တွင် မဟာသန္တိသုခဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော မိဘ၊ ဆရာ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

မောင်ညီညီကြွယ်–ဒေါက်တာခင်နှင်းဦး။

အများသိစေရန် ကြေညာခြင်း

ကျွန်တော်၏ မိတ်ဆွေဖြစ်သူ ဦးအုံးရွှေ (ခေါ်) ဦးအုံးသီး ၉/ မထလ (နိုင်)၀၆၃၅၇၂ နွားမွေးမြူရေး၊ မိတ္ထီလာမြို့၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဦးအုံးရွှေ (ခေါ်) ဦးအုံးသီး၏ ဒုတိယသမီးဖြစ်သူ ဒေါ်သင်းသင်း၊ ရွှေလက်ျာ လက်ဖက်ရည်ဆိုင်၊ ဩဇာခြံရပ်၊ မိတ္ထီလာမြို့သည် ဖခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် စိတ် ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးခင်မောင်ဝင်း
တရားရုံးချုပ်ရှေ့နေ (စဉ်–၃၄၇၅)
မိတ္ထီလာမြို့။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှရရှိထားပြီး တိုက်ခန်းနေရာချထားခြင်း လက်မှတ်ထုတ်ပေးထားပြီး ဖြစ်ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား အပိုင်ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် အမည်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	တိုက်ခန်းအမည်ပေါက်အမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည် မှတ်ပုံတင်အမှတ်	လျှောက်ထားသည့်တိုက်နှင့် အခန်းအမှတ်
၁	ဦးနေအောင် အောဘီ–၀၄၂၂၀၅	ဒေါ်စန်းစန်းမြင့် အမ်ပိုင်အေ–၀၀၀၀၇၄	တိုက် ၂၂ အခန်း ၁၅ ပြည်ရိပ်မွန်အိမ်ရာ

ခေတ္တဌာနမှူး
အင်ဂျင်နီယာဌာန (အဆောက်အအုံ)။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် ၃၀/၂၀၀၄
(၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၀ ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာများ အလိုရှိပါသည်–

ရာထူး	ပညာအရည်အချင်း	လစ်လပ်
ဦးစီးအရာရှိ (အလုပ်ရုံစစ်ဆေးရေး) (စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်–၂)	စက်မှုအင်ဂျင်နီယာဘွဲ့ (သို့မဟုတ်) အီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့ (သို့မဟုတ်) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘွဲ့ (သို့မဟုတ်) ဓာတု အင်ဂျင်နီယာဘွဲ့ (သို့မဟုတ်) မြို့ပြအင်ဂျင်နီယာဘွဲ့ (သို့မဟုတ်) ချည်မျှင်နှင့်အထည်အင်ဂျင်နီယာဘွဲ့	၁

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၁၉–၈–၂၀၀၄ နေ့တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၉–၈–၂၀၀၄ နေ့ အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/– ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေနှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက် အမှတ် ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၅။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့** များတွင် ရေးဖြေစာမေးပွဲ စာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၉–၈–၂၀၀၄ နေ့ အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၁၂–၉–၂၀၀၄ နေ့နှင့် ၁၃–၉–၂၀၀၄ နေ့များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲ ကျင်းပမည်။ ၉–၉–၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၃၇၈၁၆၃ သို့ ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

အမည်ပြောင်း အထက(၂) စမ်းချောင်း သတ္တမတန်း(ဃ)မှ အဖ ဦးလူဇော်၏သမီး မတင်ဇာခိုင်အား မမေသက်နွယ်ဟု ပြောင်းလဲခေါ်ပါရန်။

မမေသက်နွယ်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၄၁ တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်းရှိ မဟာမြိုင်အိမ်ရာ တိုက်အမှတ် ၃၉၊ အခန်းအမှတ် (ဘီ–၄) ပိုင်ရှင်ဖြစ်သူ ဒေါ်ဖြူဖြူခိုင်ထံမှ တိုက်ခန်းဝယ်ယူပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်နေ့မှ ၇ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း။

၁။ ဦးစိုးလွင် S/OKA–၀၆၈၂၇၁
၂။ ဒေါ်ဝင်းကြည် S/OKA–၀၅၀၀၈၂
အမှတ် ၇၁၀၊ ၂၅ လမ်း၊ (၅) ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးလွန်းတင် (မြိတ်)
နယ်ပိုင်ဝန်ထောက်(ငြိမ်း)
အသက်(၈၅)နှစ်

မြိတ်မြို့ (ဦးဘိုးသိန်း-ဒေါ်သက်)တို့၏သား၊ ရန်ကုန်မြို့၊ တိုက်အမှတ် ၁၇၊ အခန်း ၀၀၂ (မြေညီထပ်)၊ ကမ္ဘာအေးအိမ်ရာ၊ ဝါယာလက် ၃ လမ်း၊ ကမ္ဘာအေး၊ မရန်းကုန်မြို့နယ်နေ ဒေါ်သန်းရှု၏ခင်ပွန်း၊ ဦးမြင့်လွင်-ဒေါ်တင်တင်နွဲ့၊ ဦးရဲထွဋ်-ဒေါ်တင်မြင့်ရီ၊ ဦးသန်းဇော်-ဒေါ်နွဲ့နွဲ့နိုင်၊ ဦးကျော်လွင်(အင်ဂျင်နီယာချုပ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်မူမူဆွေ(အထပြ၊ အထက-၂၊ မင်္ဂလာဒုံ)၊ ဦးကျော်လွင်-ဒေါ်မာမာချို(ကထိက၊ ရုက္ခဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးတင်မောင်ညီ-ဒေါ်စန်းစန်းဝင်း(ခ)မီးငယ်(အမက-၃၊ ဒဂုံ)၊ ဦးခင်မောင်ညို-ဒေါ်စီစီလွန်းတင်(စာရင်းစစ်ချုပ်ရုံး)တို့၏ဖခင်၊ မြေး ၁၇ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂၈-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၇-၂၀၀၄ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသာကျော် (ရာသက်ပန်)
B.A (Hist;), B.Sc (Chem;), B.A, R.L
(စစ်တွေမြို့)
ယခင် ဓညဝတီကျောင်းအုပ်ဆရာကြီး
ရခိုင်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ (၁၉၇၂-၁၉၇၅)
ရခိုင်ဓညဝတီပြက္ခဒိန်စတင်ထုတ်ဝေသူ
အသက်(၇၆)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပါဒလိတ်ချိတ်ရပ်၊ လမ်းမကြီးနေ(ဦးမောင်လုံး-ဒေါ်မတုတ်)တို့၏သား၊ (ဦးမောင်မြထွန်း)-ဒေါ်ဦးစိန်တို့၏သားသမက်၊ [ဒေါ်စောမြဦး(ခ)ဒေါ်ညိုညို]၏မောင်၊ ဒေါ်သူဇာအေး(Thuzar Co.,Ltd.)၏ခင်ပွန်း၊ မသီရိစုဝေကျော်(Final Year,Law) (Thuzar-Jewellery)၊ မောင်ရဲထွန်းကျော် (First Year, B.M) - မခင်သန္တာဝင်း (B.A, Eco) (Anjana Co., Ltd.)၊ မောင်ရဲမြကျော်(OASIS-ICE Factory)တို့၏ဖခင်သည် ၂၅-၇-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၇-၇-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ရက်လည်ဆွမ်းကျွေးတရားတော်နာယူရန် ၃၁-၇-၂၀၀၄ရက်(စနေနေ့) နံနက် ၈ နာရီမှ ၁၂ နာရီအထိ အမှတ် ၁၄၇(ဒုတိယထပ်)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေးနေအိမ်သို့ကြွရောက်ပါရန် ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ တန်ဆောင်း ဒါယိကာမကြီး
ဒေါ်စောမြင့်(ခ)ဒေါ်စု (အိုးလုပ်ငန်း၊တွံတေးမြို့)
အသက်(၇၄)နှစ်

ဒလမြို့ (ဦးစံဖေ-ဒေါ်အုန်းမေ)တို့၏သမီး၊ တွံတေးမြို့၊ အိုးဘိုပိုင်းနေ (ဦးသိုက်ထွန်း)၏ဇနီး၊ ဒလမြို့နေ ဦးအုန်းဖေ-(ဒေါ်တင်နု)တို့၏ညီမ၊ (ဦးတင်ရွှေ-ဒေါ်ခင်တင့်)၊ ဒေါ်ခင်သိန်း(ခ)ဒေါ်လုံး၊ ဦးဇော်ဝင်း-ဒေါ်ကြည်အောင်၊ ဦးစိန်မြင့်-ဒေါ်ရီ၊ ဒေါ်လှရီ၊ ဒေါ်တင်ရီ၊ (ဒေါ်ရီရီထွေး)၊ ဒေါ်ရီရီအေးတို့၏အစ်မ၊ ဦးစံသောင်း-ဒေါ်အေးအေးချို၊ ဦးသိန်းငွေ-ဒေါ်ခင်သန်းအေး၊ ဦးအုံးကြွယ်-ဒေါ်ခင်စန်းရီ၊ ဦးဉာဏ်ထွန်းမြင့်-ဒေါ်နှင်းရည်၊ ဦးခင်အောင်မြင့်-ဒေါ်မေမာထွန်း၊ မစန္ဒာအေးတို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေးရှစ်ယောက်တို့၏အဘွား ဒေါ်စောမြင့်(ခ)ဒေါ်စုသည် ၂၉-၇-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် တွံတေးမြို့ အိုးဘိုသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးသာညွန့် B.Sc, B.Ed, M.S (Ed.)
ညွှန်ကြားရေးမှူး(ငြိမ်း)၊အခြေခံပညာဦးစီးဌာန
လက်ပံတန်းမြို့နယ်အသင်း(နာယက)
ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဝင်
သက်ကြီးကန်တော့ခံစာပေပညာရှင်
အသက်(၈၉)နှစ်

ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးသာညွန့်သည် ၂၇-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပညာရေးဝန်ကြီးဌာန။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်လဘန်ကော့ (မြစ်ကြီးနား) အသက်(၈၆)နှစ်

(ဆရာဦးသန်းထွန်းဦး)(ကထိက၊ သတ္တဗေဒဌာန၊ မြစ်ကြီးနားတက္ကသိုလ်) နှင့် ဆရာမ ဒေါ်ဘောက်ဂျာ(ပါမောက္ခ၊ ဌာနမှူး၊ ရုက္ခဗေဒဌာန၊ မြစ်ကြီးနားတက္ကသိုလ်)တို့၏မိခင်သည် ၂၇-၇-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရုက္ခဗေဒမိသားစု၊မြစ်ကြီးနားတက္ကသိုလ်။

လွမ်းဆွတ်သတိရခြင်း
ကိုသီဟ
(စာနယ်ဇင်းသရုပ်ဖော်ပန်းချီဆရာ မောင်သီဟ)
အသက်(၃၉)နှစ်

၃၀-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည်မှာ တစ်လပြည့်သော်လည်း အစဉ်အမြဲ သတိရလျက်ပါ။

T.T.C မှသူငယ်ချင်းများ (၁၉၈၁-၈၂)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လ/၁၉၂၅ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညနတိုင်းရုံး(ရန်ကုန်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန(ရန်ကုန်တိုင်း)။

ဦးစိုးလင်း(ခ)ဦးဆွဲ
အသက်(၄၈)နှစ်

ရန်ကုန်မြို့နေ ဦးဖိုးတုတ်-ဒေါ်ခင်ခင်တို့၏သား၊ (ဦးသန်းမြ)-ဒေါ်ခင်ကြည်တို့၏သားသမက်၊ ဦးသန်းထွန်း-ဒေါ်ခင်ခင်အေးတို့၏မောင်၊ ဦးရဲထွဋ်-ဒေါ်ခင်ခင်ညို၊ ဦးစိုးမင်း-ဒေါ်အေးအေးမြင့်၊ ဒေါ်ချိုချိုလွင်၊ ဦးနိုင်နိုင်လင်း-ဒေါ်သူဇာလွင်တို့၏အစ်ကို၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ ၈ လမ်း၊ အမှတ် ၇၈၃နေ ဒေါ်မြင့်မြင့်ရီ၏ခင်ပွန်း၊ မကြာညိုသင်း၏ဖခင်သည် ၂၉-၇-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၃ နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလှဘော်
B.Sc (Engg:)
အင်ဂျင်နီယာမှူးကြီး(ငြိမ်း)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(စစ်တွေမြို့)
အသက်(၇၆)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ ဦးသထော်ဦး-ဒေါ်စံခိုင်ဖြူတို့၏သားကြီး၊ ဦးစောလှဖြူ-ဒေါ်သိန်းဟန်၊ ဒေါ်စံလှဖြူ-ဦးစိန်ထွန်းတို့၏အစ်ကိုကြီး၊ ရန်ကင်းမြို့နယ်၊ တိုက်အမှတ် ၁၁၃၊ အခန်းအမှတ် ၈ နေ ဒေါ်အေးရွှေ၏ခင်ပွန်း၊ ဦးကျော်ကျော်ညွန့်-ဒေါ်ဝင်းဝင်းမာ၊ ဒေါ်သင်းသင်းမာ၊ (ယာယီခွဲမှူး၊ ဗိုလ်မှူး) ဗိုလ်ကြီးလင်းကိုကို-ဗိုလ်ကြီးဒေါ်စန်းစန်းမာတို့၏ဖခင်၊ မြသန္တာညွန့်၊ လွင်မာခိုင်ထွန်း၊ အေးအေးသက်ခိုင်၊ မျိုးသန့်ကျော်တို့၏အဘိုးသည် ၂၇-၇-၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၄း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံတွင်ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း ဒါယိကာမကြီး
ဒေါ်ခင်ခင်လှ (ဖျာပုံမြို့)
အသက်(၇၄)နှစ်

(ဦးမောင်ထင်-ဒေါ်ရွှေ)တို့၏သမီးကြီး၊ (ဦးကိုလေး)၏ဇနီး၊ ဦးစိန်ကြီး-ဒေါ်ခင်ခင်ဝင်း(ဒေါ်ကလျာ-ဝိဇ္ဇာ/သိပ္ပံ)၏အစ်မကြီး၊ ဒေါ်ခင်ထွဋ်ထွဋ်၊ ဒေါ်မာမာဇော်၊ ဦးရဲကိုကိုခိုင်-ဒေါ်မြမြဝင်းတို့၏မိခင်ကြီး၊ မြေးငါးယောက်တို့၏အဘွားသည် ဗဟိုရိစည်အထူးကုဆေးခန်းတွင် ၂၉-၇-၂၀၀၄ရက် နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၇-၂၀၀၄ရက် (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အမှတ် ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ ကလျာမဂ္ဂဇင်းတိုက်နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ထူး (ဆင်ပေါက်)
အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်လကျာ်လမ်း၊ အမှတ် ၅၆နေ ဦးထွန်းဖေ-ဒေါ်ခင်ရွှေတို့၏သား၊ (ဦးအုန်းမောင်)-ဒေါ်လှလှတို့၏သားသမက်၊ ဦးနေလင်း-ဒေါ်ခင်စမ်းမြင့်၊ ဦးထွန်းတင်အောင်-ဒေါ်ချိုချိုအုန်း၊ ဦးမြတ်စိုး-ဒေါ်နီလာအုန်း၊ ဦးကျော်ဇော-ဒေါ်မီမီအုန်းတို့၏ညီ/မောင်၊ ဦးကျော်ကျော်အောင်-ဒေါ်ကေသီအုန်းတို့၏အစ်ကို၊ ဒေါ်နိုင်နိုင်အုန်း၏ခင်ပွန်း၊ မောင်ကောင်းပြည့်ကျော်(IX၊ အထက-၁၊ ဗဟန်း)၊ မသိမ့်သိမ့်သူ(တတိယတန်း၊ အလက-၂၊ ဗဟန်း)၊ မစုလှဲ့မွန်တို့၏ဖခင်သည် ၂၈-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၃၀-၇-၂၀၀၄ရက်(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်လှသန်း (ရေးမြို့)
ဒု-အထွေထွေမန်နေဂျာ(ငြိမ်း)၊မြန်မာ့သစ်လုပ်ငန်း
အသက်(၆၇)နှစ်

ပဲခူးမြို့ ဥသျှာဂေါက်ကလပ်အား စွမ်းစွမ်းတမံ အားသွန်ခွန်စိုက် ဆောင်ရွက်လုပ်ကိုင်ပေးခဲ့သော အသက်(၆၇)နှစ်အရွယ်ရှိ ဦးတင်လှသန်း(ဒုအထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)သည် ၁၈-၇-၂၀၀၄ရက်တွင် ကွယ်လွန်ခဲ့ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

ဥသျှာဂေါက်သီးရိုက်အသင်း၊ပဲခူးမြို့။

ဝမ်းနည်းကြေကွဲခြင်း
မောင်တင်မောင်ဆွေ
O/S (MT. Setia Jaya)
Samta Shipmanagement Pte., Ltd. (Singapore)
B.A (History), UFL (Japanese)
အသက်(၃၃)နှစ်

မောင်တင်မောင်ဆွေ(ခ)ကိုဆွေသည် ၁၈-၇-၂၀၀၄ရက်တွင် သီရိလင်္ကာနိုင်ငံအနီး ပင်လယ်ပြင်တွင် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကြီးကြီး-(ဦးစိုးမြင့်)-ဒေါ်ညွန့်ရီ၊
ဦးကျော်-ဗိုလ်ကြီးကျော်ဝင်း(ငြိမ်း)ဒုညွှန်မှူး(နတလဦးစီးဌာန)-
ဒေါ်စိုးစိုးသိန်း(အလညဦးစီးဌာန)။

ဦးဝင်းငွေ (မြင်းခြံ)
အသက်(၄၁)နှစ်

မြင်းခြံမြို့နယ်၊ ပျော်ဘွယ်စံပြရွာနေ ဦးကျော်ဟိန်း-(ဒေါ်ဟန်စိန်)တို့၏သား၊ ဦးကျော်သိန်း-ဒေါ်ခင်မာဝင်း၊ ကိုမြင့်မောင်ဝင်း-မကြည်စန်း၊ ကိုသိန်းမြင့်-မထွန်း၊ ကိုဖိုးဖိုး-မကြည်ထွေးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဧရာ ၁၅ လမ်း၊ အမှတ် ၈၈၄ နေ ဦးညွန့်ဟန်-ဒေါ်အေးမြင့်တို့၏သားသမက်၊ ဦးလှဟန် - ဒေါ်လှသန်း (သီရိမင်္ဂလာဈေး)တို့၏ညီ/မောင်၊ ကိုမောင်တင့်-မထွေးထွေးမြင့်၊ကိုချိုတူး-မသီတာလှိုင်၊ကိုမျိုးမြင့်သိန်း-မဂျမ်း(ခ)မစန်းစန်းမော်တို့၏အစ်ကို၊ ကိုအောင်ညွန့်စိန်-မအေးအေးမာ၊ မောင်သက်ဦးတို့၏ဦးလေး၊ ဒေါ်ဝင်းဝင်းမော်၏ခင်ပွန်း၊ မနန်းဝါရွှေ၊ မလှဲ့လှဲ့အိ၊ မအိမွန်ခိုင်တို့၏ဖခင်သည် ၂၇-၇-၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၃၁-၇-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။(မြောက်ဥက္ကလာပ၊ ဧရာ ၁၅ လမ်း၊ အမှတ် ၈၈၄ နေအိမ်မှကားများ မွန်းလွဲ ၂း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သိန်းငွေ
(မော်လမြိုင်)
အသက်(၆၅)နှစ်

မော်လမြိုင်မြို့၊ ဘယဆေးကုန်သည် (ဦးမောင်ခင် - ဒေါ်အုန်းကြည်)တို့၏သမီးထွေး၊ (ဦးလှမင်း)-ဒေါ်မေသန်း၊ မော်လမြိုင် ဦးမျှားဆေးတိုက် (ဦးမြင့်သိန်း-ဒေါ်အေးသိန်း)၊ ဦးအေးကို-ဒေါ်အုန်းကြည်၊ ဦးမြင့်ဇော်-ဒေါ်စန်းကြည်တို့၏ညီမ၊ ဦးသိန်းညွန့်၏ဇနီး၊ ကိုသန်းဦး(R.T.C)၊ ကိုဇော်ဝင်း-မအေးအေးမြင့် (ထက်လွင် အာလူးကြော်လုပ်ငန်း)၊ မသန္တာညွန့် (တပ်မတော် ချည်မျှင်နှင့်အထည်စက်ရုံ၊ သမိုင်း)၊ ကိုတိုးဝင်း-မဝင်းဝင်းမြိုင်(ငွေလသာစတိုး၊လှိုင်)တို့၏မိခင်၊ မောင်ရဲသီဟ(E.Oအအေးခန်း)၊ မောင်မင်းချမ်းမြေ့ဇော်၊ မအေးနန္ဒာဇော်၊ မကြယ်စင်ဝင်း၊ မောင်ခန့်ညီဝင်းတို့၏အဘွားသည် ၂၉-၇-၂၀၀၄ရက် နံနက် ၆း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်ပါ၍ ၃၁-၇-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ် ၄၊သီရိမြိုင်လမ်းမ၊(၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ဦးရွှေဝင်း(ခ)ဂျင်ကျိုက်လိုင်
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၂၃၊ ၄၃လမ်းနေ(ဂျင်ကိုဟွာ-ဒေါ်အောင်ဝေ့)တို့၏သား၊ ဂျင်တီကွန်း(ခ)ဟီးယာ(ဦးအီချွန်)၏မောင်၊ (ဒေါ်ရီ)၏ခင်ပွန်း၊ ဦးမောင်စန်း(ခ)Albert-ဒေါ်သန်းသန်း(ခ)လောင်ရှုရန်၊ ဒေါ်အကြူး(ခ)Alice- ဦးမြင့်ရွှေ၊ ဒေါ်ချိုချိုဝင်း-ဦးမောင်မောင်အေး၊ ဒေါ်အစွမ်(ခ)ဒေါ်လှဝင်း၊ ဒေါ်ခင်ချိုဝင်း(ခ)Lily -Ronald၊ ဒေါ်အယုန်း(ခ)ဒေါ်မြင့်မြင့်၊ (ဒေါ်တင်တင်လှ)၊ ဒေါ်မြမြဝင်း-ဦးအောင်စိုးသိန်း၊ ဒေါ်အေးအေးဝင်း-ဦးကျင်ယုံတို့၏ဖခင်၊ မြေး ၁၃ ယောက်တို့၏အဘိုးသည် ၂၇-၇-၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၂း၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၇-၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအားသိစေအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးအက္ကင်း
(Ex Merina Shipping)
C.D.C No.3364
အသက်(၇၂)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေယာလမ်း၊ အိမ်အမှတ် ၅၂၇နေ ဒေါ်သိန်းတင်၏ခင်ပွန်း၊ ဦးရောနယ် (J.S.M)-ဒေါ်အဲနာဘဲလ်၊ ဒေါ်ကယ်ရိုလိုင်း-ဦးဂျာနော (M.C.C)၊ စောစက်ဒရစ်-ဒေါ်ထျုန်ခေါ်ထျုန်း(အင်းစိန်ဆေးရုံ)၊ ဦးရောဂျာ(Hensatic)-ဒေါ်သက်သက်မောင်၊ ဒေါ်ကြူကြူမာ-ဦးရဲဝင်းလှိုင်၊ ဒေါ်ဝါဝါလေး-ဦးမျိုးဇော် (M.T.M)၊ စောဘိုဘို(J.S.M)တို့၏ဖခင်၊ မြေး ၁၅ယောက်တို့၏အဘိုးသည် ၂၉-၇-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၁-၇- ၂၀၀၄ရက်(စနေနေ့)နံနက် ၁၁ နာရီတွင် နေအိမ်၌ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့်သိန်း
(တောင်သာ၊ ဝဲလောင်)
အသက်(၆၀)

တောင်သာမြို့နယ်၊ ဝဲလောင်ကျေးရွာနေ ဦးဇော်ဝင်း(အထပြ၊ ငြိမ်း)၏ဇနီး၊ နွားထိုးကြီးမြို့နယ်၊ တံစိုးကျေးရွာနေ ဦးလှဖေ(မူအုပ်၊ ငြိမ်း)-(ဒေါ်သန်းခင်)တို့၏သမီးကြီး၊ ဦးရဲဝင်း-ဒေါ်အမာကြည်(အလပြ၊ လက်ဝဲအထက)တို့၏အစ်မ၊ ကိုသက်မင်းဇော်၊ ဒေါ်ဖြူဖြူဇော်ဝင်း(သရုပ်ပြ၊ GTC၊ မိတ္ထီလာ)၊ မောင်မင်းထက်ဇော်(B.C.Sc, Final Year၊ မိတ္ထီလာ GCC)တို့၏ မိခင်၊ မောင်သန့်ဇင်ဝင်း(ပဥ္စမတန်း၊ လက်ဝဲအထက)၏ဒေါ်ကြီးသည်၂၇-၇-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၂း၄၇ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄း၃၀ နာရီတွင် ဝဲလောင်ရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးကျော်စိန်
(ပါမောက္ခ၊ဒဿနိကဗေဒဌာန မန္တလေးအဝေးသင်တက္ကသိုလ်)
အသက်(၅၈)နှစ်

ဟသ်ာတမြို့၊ ညောင်ပင်ရပ်၊ အလယ်လမ်း၊ အမှတ် ၁၅၆ နေ (ဦးရေအေး-ဒေါ်ခင်စိန်)တို့၏သားကြီး၊ ဦးမောင်မောင်-ဒေါ်သောင်း၊ ဒေါ်ပိုးရီ၊ ဦးခင်မောင်၊ ဦးသိန်းဝင်း(ဟိုတယ်/ခရီး)-ဒေါ်မူမူနွဲ့(ဟိုတယ်/ခရီး)၊ ဦးသန်းဗိုင်-ဒေါ်သန်းသန်းထွေးတို့၏အစ်ကိုကြီးသည် ၂၆-၇-၂၀၀၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၈-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ ၆၈ x၆၉လမ်း၊ ၃၇ x၃၈ လမ်းကြား၊ အောင်သစ္စာလမ်း နေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ကျေးဇူးတင်ရှိခြင်း
ကိုမျိုးကျော်ဦး
(ကမ္ဘောဇဘဏ်ရုံးချုပ်)

၂၁-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားသော ကိုမျိုးကျော်ဦး၏ဈာပနတွင် ဝိုင်းဝန်းကူညီပေးကြသော ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ UNDP နှင့် UNICEF မှ ဝန်ထမ်းများ၊ Rothmas မှ ရောင်းရင်းများ၊ ဈာပနသို့ပို့ဆောင်ပေးကြသော မိတ်သင်္ဂဟများအားကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးအောင်ကြီး
(ပိုင်ကျုံကြီးကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်း)
အသက်(၇၀)

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၈)ရပ်ကွက်၊ ၆၃၄ နေ (ဦးစိန်လင်း-ဒေါ်စောနွဲ့)တို့၏သားကြီး၊ ဦးကျော်တင့် - ဒေါ်ခင်လှိုင် (နေခြည်ဝင်းစားသောက်ကုန်)တို့၏အစ်ကို၊ ဒေါ်တင်အေး၏ခင်ပွန်း၊ဒေါ်ခင်ခင်အေး၊ဒေါ်အေးအေးလှ၊ ငွေငွေ၊ ကိုကျော်မြင့်သန်း-မမို့မို့၊ မောင်ကျော်ကျော်တို့၏ဖခင်သည် ၂၉-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၇-၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးမြသန်း
(စာရေးဆရာမြသန်းလင်း)
(မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်)
အသက်(၆၉)နှစ်

အမှတ် ၂၅၂၊ ၁၀ လမ်း၊ (၅)ရပ်ကွက်၊ ဥသျှာမြို့သစ်၊ ပဲခူးမြို့နေ (ဒေါ်မြင့်မြင့်သိန်း)၏ခင်ပွန်း၊ မညွန့်ညွန့်ဦး၊ မောင်မင်းထိုက်၊ မလေးလေးမော်၊ မောင်အုပ်စိုးတို့၏ဖခင်၊ မြေးနှစ်ယောက်၏ အဘိုးသည် ၂၈-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) တွင် ခရစ်တော်၌အိပ်ပျော်သွားပြီဖြစ်ပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမ
ဒေါ်စောတင်(ခ) ဒေါ်စောသိန်းမ
(လေးတောင်တိုက်နယ်၊ အရှေ့မော်ရွာ)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၃)ရပ်ကွက်၊ ၁၀ လမ်း၊ တိုက် ၇၊ အခန်း ၄ နေ နာရီဆရာကြီး ဦးစံထွန်း၏ဇနီး၊ (ဦးဖိုးစောအောင်-ဒေါ်အေးလှဦး)တို့၏ သမီးကြီး၊ (ဦးထွန်းအောင်ဖြူ)-ဒေါ်ငွေအောင်တို့၏သမီးချွေးမ၊ ဦးအောင်ကျော်-မတင်ရွှေတို့၏အစ်မ၊ ဦးမြင့်ထွန်း(ရွှေပန်းထိမ်)-မမြရွှေ၊ ကိုမြင့်သန်း(နာရီပြင်ဆရာ)-မသော်တာ၊ မမော်မော်၊ မမိုးမိုးစိုး၊ မသီတာယဉ်တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၉-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုစိုင်းဇင်လင်းဦး
(ဦးလှမြင့်သမီး၊အရာရှိဦးထုပ်၊ ဒေါက်တံဆိပ်နှင့်ကြေးလုပ်ငန်း)
အသက်(၂၈)နှစ်

အမှတ် ၄၄၄၊ ဓမ္မာရုံလမ်း၊(၁၆/၃) ရပ်ကွက်နေ ဦးစိုင်းရွှေလွန်း-(ဒေါ်တင်တင်ဦး)တို့၏သားကြီး၊ မနန်းကေဇာလင်း၊ မနန်းခိုင်ဇာလင်း၊ မောင်စိုင်းဇမ္ဗူရွှေလွန်းတို့၏အစ်ကိုကြီးသည် ၂၉-၇-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁း၃၀နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယကာ
ဦးချစ်သိန်း
(ယခင် ကြည့်မြင်တိုင်)
အသက်(၇၂)နှစ်

(ဦးထွန်းရင်-ဒေါ်အုံးခင်)တို့၏သား၊ (ဦးရွှေ - ဒေါ်လှ)တို့၏ သားသမက်၊ ဒေါ်ညို၏ခင်ပွန်း၊ (ဦးလှဖုန်း)-ဒေါ်တင်တင်ဝင်း၊ ဦးအုံးမြင့်-ဒေါ်ယဉ်ယဉ်မြ၊ ဦးတင်ရွှေ-ဒေါ်အေးအေးသိန်း၊ဦးအောင်သိန်း - ဒေါ်စိုးစိုး(ခ)ဒေါ်သန်းသန်းအေးတို့၏ဖခင်၊ ကိုမောင်မောင်-ဒေါက်တာတင်မိုးသူ(လ/ထ ဆရာဝန်၊ မြောက်ဥက္ကလာပဆေးရုံကြီး)၊ မြေး ၁၁ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၂၉-၇-၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၁၁း၅၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၃၁-၇-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် မြောက်ဥက္ကလာပဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ကိုမောင်မောင်-ဒေါက်တာတင်မိုးသူတို့၏အဘိုး ဦးချစ်သိန်း နာမကျန်းဖြစ်စဉ်က အစစအရာရာမေတ္တာရှေ့ထား၍ ပြည့်ဝသော စေတနာဖြင့် ကူညီစောင့်ရှောက်ပေးခဲ့သော မြောက်ဥက္ကလာပဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများအားလုံးအား ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ဦးအေး (တပ်မြေ)
အသက်(၇၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ တပ်မြေရပ်ကွက်၊ အထက်ပုဇွန်တောင်ဈေးလမ်း၊ အမှတ် ၂၉ နေ (ဦးဘာဘာ-ဒေါ်ငြိမ်းရင်)တို့၏သား၊ ဒေါ်ပု၏မောင်၊ ဦးကိုကိုကြီး(အပေါင်းလက္ခဏာရပ်ရှင်)-ဒေါ်လှရီတို့၏ညီ၊ ဒေါ်ကြည်မြင့်၏ခင်ပွန်း၊ ဦးအောင်ကင်း-ဒေါ်နော်အေးမူ (ထ-၁၊ ဒေါပုံ)၊ ဦးအေးကို (ပြည်ပဆက်သွယ်ရေး) - ဒေါ်အေးအေးမွန်၊ ဦးမြင့်အောင်-ဒေါ်ခင်ဆွေအေး(လ-၄၊ ဒေါပုံ)၊ မောင်ကျော်သီဟမျိုးတို့၏ဖခင်၊ မအိအိအောင်(ဒု-နှစ်၊ ပညာရေးတက္ကသိုလ်)၊ မယုယုကျော် (X-A)၊ မောင်ထက်ပိုင်(IX-B)၊ မောင်ဝေဖြိုး (VI-C)၊ မမေမြတ်သူ (VI-B)၊ မကြည်ဇာသိမ့်(III-B)၊ မဝင်းမြတ်မွန် (III-A၊ အထက-၄၊ ပုဇွန်တောင်)၊ မောင်ထက်ကောင်းခန့်တို့၏အဘိုးသည် ၂၈-၇-၂၀၀၄ရက် နံနက် ၉း၁၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၃၀-၇-၂၀၀၄ရက်(သောကြာနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုမြင့်ဇော်
(ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးဦးစီးဌာန)
အသက်(၃၅)နှစ်

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ ကိုမြင့်ဇော်သည် ၂၅-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့်၂၆-၇-၂၀၀၄ရက်တွင်ပြင်ဦးလွင်မြို့ ရှစ်မိုင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

မောင်တင်မောင်ဆွေ
CDC No.51323
O/S (MT. Setia Jaya)
Samta Shipmanagement Pte., Ltd. (Singapore)
B.A (History)
UFL (Japanese)
အသက်(၃၃)နှစ်

ရန်ကုန်မြို့နေ (ဦးထွေး-ဒေါ်မြခင်)၊ (ဦးမြိုင်-ဒေါ်စိန်မြ)တို့၏မြေး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၅၆၊ ၁ လမ်း၊ ကေတုမာလာရိပ်သာ၊ (၄)ရပ်ကွက်နေ ဦးချစ်ဆွေ(လက်ထောက်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန၊ နစခ-၃၊ ကော့သောင်း)-ဒေါ်တင်တင်ဝင်းတို့၏သား၊ မမာလာဆွေ(B.Sc Physics, M.P.A၊ သုခဆောက်လုပ်ရေး)၏အစ်ကိုသည် ၁၈-၇-၂၀၀၄ရက်တွင် သီရိလင်္ကာနိုင်ငံအနီး ပင်လယ်ပြင်တွင် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(သင်္ဂြိုဟ်မည့်နေ့ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

မွန်ပြည်နယ် မော်လမြိုင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို လှည့်လည်ကြည့်ရှု ဖြည့်ဆည်းပေး အရည်အသွေးထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရေး အီလက်ထရွန်နစ်သင်ထောက်ကူပစ္စည်းများ အသုံးချရန်မှာကြား

ရန်ကုန် ဇူလိုင် ၂၉

မွန်ပြည်နယ် မော်လမြိုင်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မွန်ပြည်နယ်အဆင့်ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဇူလိုင် ၂၅ရက်နံနက်ပိုင်းတွင် မော်လမြိုင်ခရိုင်အတွင်း၌ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ ဘာသာသာသနာထွန်းကားရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးသည်။ စာမျက်နှာ ၉ ကော်လံ ၁ ■

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စာနာထောက်ထားကြောင်း သဝဏ်လွှာပို့

ရန်ကုန် ဇူလိုင် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နေရာဒေသအချို့တွင် မကြာသေးမီက ရေကြီးမှုကြောင့် လူနှင့်အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မွန်ပြည်နယ် မော်လမြိုင်ခရိုင် တံခွန်တိုင်ကျေးရွာအနီး ရန်ကုန်-မြိတ်လမ်း၊ မုဒုံ-သံဖြူဇရပ်လမ်းပိုင်း တိုးချဲ့နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အရှေ့တောင်အာရှဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲ မြန်မာရွှေသုံးခု၊ ငွေနှစ်ခု၊ ကြေးတစ်ခုရရှိနေ

သတင်းဆောင်းပါး၊ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၉

(၈)ကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ဇူလိုင် ၂၈ ရက်က ကျင်းပရာ စာမျက်နှာ ၁၂ ကော်လံ ၄ ✻

အေးအေးသင်း(ရွှေတံဆိပ်)။

အေးအေးအောင်(ရွှေတံဆိပ်)။

မြန်မာ့အလင်း

သတင်း ဆောင်းပါး အညွှန်း

"သစ္စာလေးပါးမှာ-ဆင်းရဲအမှန်ဟူသော 'ဒုက္ခသစ္စာ'၊ ဆင်းရဲဖြစ်ကြောင်း အမှန်ဟူသော 'သမုဒယသစ္စာ'၊ ဆင်းရဲချုပ်ငြိမ်းရာ အမှန်ဟူသော 'နိရောဓသစ္စာ'၊ ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အမှန်ဟူသော 'မဂ္ဂသစ္စာ' ဟူသော ဤလေးပါးတည်း။ ဤသစ္စာလေးပါး မြတ်တရားကို လက်တွေ့ ဆိုက်ရောက် မျက်မှောက်ပြုရမည့် တရားများဖြစ်ကြောင်းကို ဂရုပြု မှတ်သားရမည်ဖြစ်ပေသည်။"

ဦးကျော်စိန်(မန္တလေး)၏ဆောင်းပါး စာ(၁၀)

ပြည်နယ်နှင့်တိုင်း(လူသစ်တန်း)ဘောလုံးပြိုင်ပွဲဆက် အိမ်ရှင်ဧရာဝတီတိုင်းအသင်း ကွာတားဖိုင်နယ်တက်ပြီ

သတင်းဆောင်းပါး ကိုထွေး

ရန်ကုန် ဇူလိုင် ၂၉

၂၀၀၄ ခုနှစ် ပဉ္စမအကြိမ် အားကစားဝန်ကြီးဌာနဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း(လူသစ်တန်း) အသက်(၂၁)နှစ်နှင့်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် ပွဲစဉ်များကို ဇူလိုင်၂၄ ရက်မှစတင်၍ ဧရာဝတီတိုင်းအတွင်းရှိ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြနှင့် မအူပင်မြို့တို့၌ ကျင်းပလျက်ရှိသည်။ ယမန်နေ့ ညနေပိုင်းပွဲစဉ်များ ယှဉ်ပြိုင်ကစားပြီးချိန်တွင် စာမျက်နှာ ၁၂ ကော်လံ ၁ ●

အာရှဖလားကွာတားဖိုင်နယ်ပွဲများ စတင်ကစားပြီ တရုတ်နှင့်အီရတ်၊ ဥဇဘက်နှင့်ဘာရိန်းတို့ ယနေ့ယှဉ်ပြိုင်မည်

AFC ASIAN CUP CHINA 2004

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် ဇူလိုင် ၂၉

အာရှဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၃၀ ရက်(ယနေ့)တွင် စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို တရုတ်နိုင်ငံ မြို့ကြီးလေးမြို့ဖြစ်သည့် ချန်ဒူး၊ ပေကျင်း၊ ချုံကင်းနှင့် ဂျီနန်တို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ယနေ့တွင် စာမျက်နှာ ၁၃ ကော်လံ ၁ ❒